# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၃၆ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၁၈-၁၀-၂၀၁၁)

**အချိန်** ၊၁၀း ၁၅။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၆ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ အခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းသည် တာဝန်ဖြင့် M. T. C တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ရပါသဖြင့် ၂၀၁၁ ခုနှစ်၊အောက်တိုဘာလ ၁၈ ရက်နေ့ ယနေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း

မပြုနိုင်ခြင်းအား ခွင့်ပြုပေးပါရန် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသာဝင်းက ဦးမောင်မောင်သိမ်းကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရွှေ(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းသည် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့်လုပ်ငန်းရှိနေပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေမှ ဦးလှထွန်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးသည် ပြည်သူ့လွှတ်တော်ကော်မတီ၏တာဝန်ဖြင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ယနေ့ ၁၈-၁၀-၂၀၁၁ နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ခြင်းမှ ခွင့်ပြုပေးပါရန် ဦးခင်မောင်ဦး၏ကိုယ်စား ကျွန်တော် ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းမှ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင်သည် နာမကျန်းဖြစ်နေသည်မှာ မသက်သာသေးပါ၍ ယနေ့ကျင်းပပြုလုပ်သော လွှတ်တော်အစည်းအဝေးနှင့် မနက်ဖြန်ပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်နိုင်ခြင်းမရှိပါ၍ ဦးစောသိန်းအောင် ကိုယ်စား မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ကျွန်တော် ဒေါက်တာသန်းဝင်းက ကိုယ်စား ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်လဲ့လဲ့ဝင်းဆွေသည် ဒီနေ့မနက်မှာ ဗိုက်အောင့်ဝေဒနာခံစားနေရပါသဖြင့် ယနေ့ ၁၈ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်သည် လွှတ်တော်ရုံးမှတာဝန်ပေးချက်အရ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၀)၏ ၂၁ ရာစုစီးပွားရေးဆိုင်ရာစိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံ ခေါင်းစဉ်နှင့်ပြုလုပ် သည့်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် တာဝန်ပေးအပ်ခြင်းခံရပါ၍ ၁၈-၁၀-၂၀၁၁ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ ရိုသေစွာတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဗိုလ်မှူးမျိုးဇော်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၇၂၉၁ ဗိုလ်မှူးထွန်းထွန်းဝင်းသည် ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့အစည်းအဝေးအား မတက်ရောက်နိုင်ပါ သောကြောင့် ၁၈-၁၀-၂၀၁၁ ရက်နေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ဗိုလ်မှူး မျိုးဇော်ဦးမှ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သံတွဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာဟာ လွှတ်တော်ရုံးမှတာဝန်ပေးချက်အရ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှာ ကျင်းပပြုလုပ်မယ့် ဆွေးနွေးပွဲသို့တက်ရောက်ရန်အတွက် ယနေ့ ၁၈-၁၀-၂၀၁၁ တစ်ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊

ယနေ့ ခွင့်ပြုထားသူ ၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကို ဖြေဆိုပေးမယ့် ပြန်ကြားရေးဝန်ကြီးကိုလည်း ဂါရဝရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ဒီနေ့မေးမယ့်မေးခွန်းက မြန်မာ့ရုပ်ရှင်ဗွီဒီယိုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်စေရေးတို့အတွက် မြန်မာ့ရုပ်ရှင်အဆင့်အတန်း အရည်အသွေးတို့ နဲ့ပတ်သက်ပြီးတော့မှ အပိုင်းလေးပိုင်းမေးရမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းချက်များ အပိုင်း လေးပိုင်း ရှိတဲ့အတွက် ပိုပြီးရှင်းလင်းလိုတဲ့သဘောနဲ့ အနည်းငယ်ဖြည့်စွက် ရှင်းလင်းခွင့်ပြုစေလိုပါတယ်။ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီးတော့ ဒီ ကျွန်တော်တို့နိုင်ငံမှာ ဗွီဒီယိုလုပ်ငန်းတွေ မပေါ်ခင်ကာလကတည်းက အသံတိတ်ခေတ်ကတည်းကနေစပြီး မြန်မာ့ရုပ်ရှင်ဆိုတာ ချီတက်ခဲ့တာ အခုတော့ တစ်ဆင့်ခြင်းတစ်ဆင့်ခြင်း ကမ္ဘာမှာလည်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း ဒါကမ္ဘာမှာ ကမ္ဘာ့ရုပ်ရှင်နှင့်ယှဉ်ရင် နောက်ကျကျန်ရစ်ခဲ့တာကို ကျွန်တော်တို့ စိတ်မကောင်းစရာတွေ့ရပါတယ်။ မြန်မာ့ရုပ်ရှင်က Black and White အသံတိတ်ခေတ်ကနေစပြီးတော့မှ ကာလခေတ် ပြောင်းလာခဲ့ပါတယ်။ ရုပ်ရှင်အဆင့်အတန်းဆိုတာကို ဘာတွေနဲ့တိုင်းတာကြမှာလည်းဆိုတဲ့ မေးခွန်းမျိုးရှိပါတယ်။ ကျွန်တော်တို့

အနေနဲ့တော့ Presentation အနေနဲ့ ပြသချက်တွေကတော့ နံပါတ်(၁) စက်ပိုင်းဆိုင်ရာအထောက်အကူပေးတဲ့ Animation Special Effect တွေဖြစ်တဲ့ Camera Effect၊ Electrical Effect၊ Setting Effect ၊ Computer Effect တွေ Effect ပေါင်းများစွာနဲ့ အထူးပြုလုပ်ချက်တွေက ပညာရပ်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီ Affect တွေနဲ့ အခုအသုံးပြုနေကြပါသလားဆိုတဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ အခုရုပ်ရှင်ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီးတော့မှ အဲဒီ Effect တွေကို မသုံးနိုင်ကြပါဘူး။ နည်းပညာအခက်အခဲကြုံတဲ့အခါမှာ အများကြီးရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ နည်းပညာတွေကို ပိုပြီးတော့မှ ပံ့ပိုးဖို့လိုအပ်ပါမယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းအပိုင်း လေးပိုင်းရှိတယ်ဆိုတာ ပထမကတော့ ရှည်ရှည်ဝေးဝေးရှင်းပြဖို့ပါ။ သို့သော် အချိန်ကလည်း နည်းတာရယ်၊ နောက်ထပ် Agenda တွေ ရှိသေးတာနဲ့မို့ အချိန်တိုတိုနဲ့ပဲ ကျွန်တော်အကျဉ်းချုံးပြီး အမြန်ပြောသွားချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရုပ်ရှင်မှာ ပထမတုန်းက ကျွန်တော်တို့နိုင်ငံမှာရှိခဲ့တဲ့ ဇာတ်ကားတွေ၊ ရာဇဝင်ကားတွေက စပြီးရိုက်ခဲ့တဲ့အခါမှာ ရာဇဝင်ကားတွေရဲ့အဆင့်အတန်းနဲ့ အဆင့်ရှိခဲ့ပါတယ်။ ဟိုးအရင်တုန်းက စက္ကောမလိုကားမျိုး၊ ဒဿဂီရိကားမျိုးမှာ ဟန္နမာအခန်းဆိုရင် ဝူခုန်းတရုတ်ကားမပေါ်ခင်ကတည်းက ရှိခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံမှာ သူ့အဆင့်နဲ့သူရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ကားတွေအများကြီးထုတ်လုပ်ခဲ့တာမှာ အဆင့်မနိမ့်ဘဲနဲ့ ဒီဇာတ်ကားတွေဆိုရင် ဗိုလ်အောင်ဒင်ကားဟာ အခုထက်ထိ နောက်လူတွေမမြင်ဘူးပေမယ့် နာမည်ကျန်ရစ်ခဲ့ပါတယ်။ ရွှေဒုံးဘီအောင် ဒါရိုက်တာကြီး။ နောက်ခေတ် အဆက်ဆက် ပယင်းရောင်လိုကားမျိုးဟာလည်း ပညာပေးမှာ အင်မတန်မှကောင်းခဲ့ပါတယ်။ နောက်ပိုင်းမှာ ရွှေဘဆိုတာ တစ်ခေတ်ဆန်းစေခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ကောလိပ်ဂျင်နေဝင်းခေတ်၊ နောက်ပိုင်း ဒီမင်းသားတွေအဆက်ဆက် ဖြတ်ကျော် လာတာ တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာဆိုတဲ့ ဒီကားမျိုးဟာ ပြည်သူတွေရဲ့ပါးစပ်ထဲမှာ တွင်ကျန်ရစ်ခဲ့ပါတယ်။ ဝင်းဦးရဲ့ မုံရွေရည်ကားမျိုးဟာ သမ္မတရုံမှာ လနဲ့ချီပြီးပြခဲ့ရတဲ့အဆင့် ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီကာလတွေမှာ River of No Turn ဆိုတဲ့ ကမ္ဘာကျော်နေတဲ့ကားကိုတောင်မှ ယှဉ်ပြိုင်ပြီးတော့မှ ကျွန်တော်တို့မြန်မာကားတွေကောင်းကောင်း ထိုးဖောက်ပြနိုင်ခဲ့တဲ့အခြေအနေ မြန်မာပြည်ဈေးကွက်မှာ အဲဒီလိုရှိခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာဆိုရင်တော့ ကားတွေထုတ်လုပ်မှုတွေ နောက်ပိုင်းမှာ ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေဆိုတဲ့ ဇာတ်ကားမျိုးဟာ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေတဲ့ ကားမျိုးတွေပေါ်ထွက်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာလည်း အဓိပ္ပါယ်ရှိတဲ့ ကားမျိုးတွေ တော်တော်များများ ထွက်လာပါတယ်။ နောက်ဆုံး ၁၉၉၄ ခုနှစ်မှာဆိုရင်

ဒါတိုက်ပွဲခေါ်သံဆိုတဲ့ကားမျိုးဟာ ဒီခေတ်နောက်ပိုင်းမှာ ကျွန်တော့်သူငယ်ချင်း သီဟတင်စိုးတို့ရိုက်ခဲ့တာပါ။ အဲဒီတော့ အဲ့လိုမျိုးကားမျိုးတွေ ထုတ်လာပြီးတော့မှ အခုနောက်ပိုင်း၊ ဒီနောက်ပိုင်းမှာ ဇာတ်ကားနာမည်တွေကိုတောင် ကျွန်တော်တို့က ခေါ်ရ၊ ဘယ်လိုခေါ်တာမှန်း ပြောရခက်အောင် ကျွန်တော်တို့က ခေတ်မီတဲ့လူငယ်လို့ ကိုယ့်ကိုယ်ကိုထင်ထားသော်လည်းပဲ ဒီမှာဖလန်းဖလန်းအချစ်ဆိုတာမျိုးတွေ၊ နောက်လာထားအာဘွားတို့၊ အလန်းဇယားတို့၊ ဟော့ရှော့ဆိုတဲ့စကားလုံးတွေဟာ ကျွန်တော်တို့တောင် လိုက်မမီတော့ဘူးဖြစ်သွားပါတယ်။ အဲ့လိုမျိုး မြန်မာ့ရုပ်ရှင်ဆိုတဲ့ မြန်မာဆိုတဲ့ခေါင်းစဥ် ဟိုဘက်က တပ်မတော်သားကိုယ်စားလှယ်ကြီး တင်သွင်းခဲ့တဲ့ မြန်မာဆိုတဲ့စကားလုံးကို ကျွန်တော်တို့ သုံးကြတဲ့အခါမှာ အင်မတန်မှ မြင့်မြတ်ချင်တယ်။ မြန်မာ့ရုပ်ရှင်တကယ် တစ်ခေတ်ဆန်းစေခဲ့ပါတယ်။ သို့သော် အခုပေါ်ပေါ်ပဲပဲကားတွေ ဈေးကွက်ကို အဓိကထားပြီးတော့မှ ရိုက်ကူးထုတ်လုပ်တဲ့ ပိုက်ဆံတွေပြန်ရတဲ့ နည်းလမ်းက ဟာသကားတွေရိုက်မှ ပြန်ရတယ်ဆိုပြီးပြောပါတယ်။ အဲဒီတော့ ဟာသကားဆိုတာက နိုင်ငံတကာမှာက စိတ်ထွက်ပေါက် မွန်းကြပ်မှုကို ဖြေလျှော့ပေးတဲ့ကားမျိုးတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စိတ်ထွက်ပေါက်တွေ အဲလောက်ကြီးမရှိကြပါဘူး။ သက်သက်ကို အပျော်ဖြင့် ကြည့်ကြဖို့ပဲရှိတော့ပါတယ်။ ဟာသကားဆိုတာ အခု အရည်အချင်းရှိတဲ့ကားမျိုးတွေကိုပေါ်ဖို့၊ ပေါ်ထွက်လာဖို့ ကျွန်တော်ကိုသည်ပင်လျှင် အခုပြည်သူ့လွှတ်တော် အားကစား၊ ယဥ်ကျေးမှု၊ ပြည်သူ့ဆက်ဆံရေးကော်မတီဝင်တစ်ယောက်ဖြစ်လာတဲ့ အတွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ကျွန်တော်တို့လည်းပါဝင်တဲ့အတွက် ကျွန်တော်တို့လည်း တာဝန် ရှိပါတယ်ဆိုတဲ့အခြေအနေမျိုး ကျွန်တော်တို့ ခံစားရပါတယ်။ အဲဒီအတွက် ကျွန်တော်ကိုယ်၌ မိမိဖြတ်သန်းလာခဲ့တဲ့ ဒီဗွီဒီယိုလောကထဲမှာ ၁၅ နှစ်လောက် ဖြတ်သန်းခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင်ဖြတ်သန်းခဲ့တဲ့အတွက် ဒီလောကမှာ အရှုပ်အထွေးပေါင်းများစွာရှိတာကိုလည်း တွေ့ခဲ့ပါတယ်။ ဇာတ်ကားတစ်ကားဖြစ်ဖို့ အတွက် ဗွီဒီယိုကားလေးတစ်ကားဖြစ်ဖို့ ရိုက်ကူးရေးတင်တယ်။ ရိုက်ကူးရေးတင်ဖို့ သရုပ်ဆောင် စာရင်းတင်ရတယ်။ ပြီးတော့ ဒီမှာသုံးမယ့်သီချင်းကအစ နောက်ရိုက်ပြီးရင်စစ်ဆေးဖို့အတွက်ကို ဇာတ်ကားကြည့်ရှုခွင့် ဒီ Procedure ပေါင်းများစွာကို ဖြတ်သန်းရတဲ့အခါမှာ အဲဒီ Procedure တွေကြားထဲမှာ နစ်မြုပ်ရတဲ့အတွက် သူတို့ရဲ့ရက်တွေကို ချုံ့ဖို့ကားရိုက်တဲ့အခါမှာ ဘယ်လိုဖြစ်လာလည်းဆိုရင် ဗွီဒီယိုကားတစ်ကားရိုက်ဖို့ အရင်တုန်းက ၁၀ ရက်လောက်ရိုက်ကြတာကနေ ၇ ရက်၊ နောက် အခု ၃ ရက်နဲ့ တစ်ကားပြီးနေပါပြီ။ ၃ ရက်တစ်ကားပြီးတော့ ကိုက်အောင်ဆိုပြီးတော့ တစ်ခါရိုက် ၅ ကား ရိုက်ကြတယ်။ တစ်ခါရိုက် ၃ ကားရိုက်ကြတယ်။ နယ်ထွက်ရိုက်ပြီဆိုရင် မင်းသား၊ မင်းသမီးတစ်ခါတည်း ၅

ကားစာလောက်ရိုက်နေတာဖြင့် အဲတော့ ကျွန်တော်တို့ရုပ်ရှင်၊ ဗွီဒီယို ဒါ ဗွီဒီယိုဘက် ရောက်သွားပါတယ်။ အဲဒီတော့ အရည်အသွေးတွေက ဘယ်လောက်ကောင်းလာသလဲဆိုတာမျိုး တိုင်းတာလို့ရလာပါတယ်။ အဲတော့ ဒီရုပ်ရှင်ကိုတော့ ကားကြီးဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ ထိုးဖောက်စေလိုတဲ့ ဆန္ဒရှိတဲ့အတွက် သူများနိုင်ငံမှာနွေရာသီကြည့်ဖို့ Summer ကားအနေနဲ့ ဘယ်လိုရိုက်ရင်ကောင်းမလဲ စဉ်းစားပြီးတော့မှ သူတို့ရိုက်ကြတဲ့ကားလေးဆို The rider of log us ဆိုတဲ့ကားလေးဆိုရင် အဲဒီကာလတော်တော်များများ စံချိန်ချိုးတဲ့ကားမျိုးပါ၊ အခြားကားတွေကိုတော့ ယှဉ်မပြလိုတော့ပါဘူး။ သို့သော် ကျွန်တော်တို့နိုင်ငံမှာ သူများနိုင်ငံကိုပို့ပြီးတော့မှ ပြိုင်ပွဲဝင်နိုင်တဲ့ကားမျိုး ဆုမရရင်တောင်မှထိုက်သင့်သလောက် အဆင့်ရှိတယ် ဆိုတာကို ပြသင့်တာမျိုးဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့ဘက်မှာ နည်းပညာအခက်အခဲ ရှိသော်လည်းပဲ presentation အနေနဲ့ မညံ့တာမျိုး ဖြစ်စေချင်ပါတယ်။ ဗီယက်နမ်လိုနိုင်ငံမျိုးက ရိုက်တဲ့အခါမှာ ဖလင်တော်တော်ညံ့ညံ့နဲ့ရိုက်ပြီးတော့ အသံထွက်တွေလည်းညံ့ပါတယ်။ ဒါပေမယ့် ဆုရပါတယ်။ ဒါ presentation ကောင်းလို့ပဲလို့ ဆုံးဖြတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ The Bridge Of River **(ခရေး)**ဆိုတဲ့ဇာတ်လမ်းမျိုးဟာ ကျွန်တော်တို့နိုင်ငံထဲမှာရှိခဲ့တာပါ။ သူများနိုင်ငံ ကနေဖန်တီးပြီးတော့ လုပ်ကြံရိုက်သွားတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တံတားရော၊ အခြေအနေရော၊ နောက်အရင်တုန်းက ရိုက်ခဲ့ပါတယ်။ ဒါရိုက်တာစိန်ဖေထွန်းရိုက်ခဲ့တဲ့ ကျော်ကိုချစ်မလား ဇော်ကိုချစ်မလား ဆိုတဲ့ဇာတ်ကားမျိုးတွေ နောက်နှလုံးသားနဲ့စစ်တာဝန်ကားမျိုးတွေဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက တော်တော်ကြိုက်ခဲ့ရပါတယ်။ ဒါပေမယ့် ဘာဖြစ်လာလည်းဆို အဲဒီလိုဇာတ်ကားမျိုး အခုဖော်ထုတ်ဖို့ ဒါရိုက်တာတွေကို ပြောတဲ့အခါမှာ အရင်းရမှာမဟုတ်ဘူး။ အဲဒီတော့ အရင်းရမှာ မဟုတ်ဘူးဆိုတော့ ဒါကို တွေးကြောက်နေကြတယ်။ ဘယ်လိုကားမျိုးက အရင်းရတာလည်း ပေါ့ပေါ့လောလောဟာသကား ဘာမှမဟုတ်ချင် ရယ်ရရင်ပြီးရော အဲဒီလိုကားမျိုးတွေက ပိုက်ဆံရတယ်။ ဒါမှအရင်းပေါ်မယ်။ ခံ့ခံ့ညားညား ရိုက်လိုက်တဲ့ ကျွန်စစ်သားရှုံးလိုက်တာ ခွက်ခွက်လန်ဆိုတော့ ကျွန်တော်တို့က ဘယ်လို အကူအညီပေးရင် ကောင်းမလဲ။ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ရင်ကောင်းမလဲ။ ဆင်ဆာမူတွေရှိပါတယ်။ ဆင်ဆာမူတွေ ကလည်း ဆင်ဆာမူဆိုပြီးတော့ ပေတံ(၁၀)ချောင်း နောက်(၁၂)ချောင်းဆိုတဲ့ပေတံနဲ့တိုင်းပါတယ်။ ဒါကလည်း မှန်ပါတယ်။ လုပ်ရမှာပဲ။ ဒါပေမယ့်ကျွန်တော်တို့ မိတ်ဆွေကြီး ကိုတင်သန်းဦး ပြောသွားပါတယ်။ ဒါရိုက်တာ Work Shop မှာ အတူတွေ့တော့ ကျွန်တော်ဗျာတဲ့။ ကျွန်တော်ချစ်သောမိုမိုကိုဆိုတဲ့ ဇာတ်ကားရိုက်တယ်။ မြစ်ကြီးနားမြစ်ဆုံမှာ သွားရိုက်တယ်။ မြစ်ဆုံကို ပြချင်လို့ဗျာတဲ့။ အဲဒီကားလေး ရိုက်ဖို့အတွက်ကို

ငြိမ်းချမ်းရေးကလည်း မရသေးတော့ ဒီနေရာအခက်အခဲဖြစ်တယ်ဗျာတဲ့ရအောင် ရိုက်မယ်ဆိုပြီးတော့ အဲဒီမှာတိုင်းမှူးကိုလည်း အကူအညီတောင်းရပါတယ်။ တပ်တွေအကူအညီတောင်းပြီးတော့မှ Security ချပြီးတော့မှ မြစ်ဆုံမှာသွားရိုက်တယ်။ အဲဒီအခန်းလေးက ဘာမှတော့မဟုတ်ပါဘူး။ love sense လေးပါတဲ့ ရိုက်ပြီးတော့ ဆင်ဆာတင်တယ်။ ဆင်ဆာမှာ ကျွန်တော်လည်း ထိုင်ကြည့်နေတာပဲ။ ဒါပေမယ့် ဘယ်လိုလုပ်လိုက်တယ်မသိဘူး။ အဲဒီတစ်ခန်းလုံးပါမလာဘူးဗျာတဲ့။ ကျွန်တော် ရင်ကွဲပက်လက်ပဲတဲ့ ဒါရိုက်တာတင်သန်းဦး ပြောသွားတာပါ။ အဲဒီတော့ တစ်ခါတစ်ခါမှာ ဆင်ဆာမူဆိုတာကိုလည်း ကျွန်တော် တို့ထုတ်လုပ်သူတွေ၊ ဒါရိုက်တာတွေ ပညာရှင်တွေအပါအဝင် ပြည်သူတွေကိုလည်း သိသင့်တယ်လို့ ထင်ပါတယ်။ အကယ်၍ မူဆိုတာလည်း မင်းသားတွေက ဘယ်လိုသရုပ်ဆောင်မှ အကယ်ဒမီရတာလဲ။ မင်းသမီးတွေက ဘယ်လိုသရုပ်ဆောင်ရမှာလဲ။ ဟုတ်ပြီ။ အဲဒီတော့ သရုပ်ဆောင်တွေက ဖြုန်းဆိုဒီကနေ့ကျမှ ဘယ်သူအကယ်ဒမီရတယ်ဆိုတာမျိုး သိလိုက်ရတယ်။ စကာတင် ၁၀ ယောက်ပါတယ်ဆိုတာတောင်မှ ကြိုမသိရဘူး။ အဲဒါမျိုးဆိုတော့ ကျွန်တော်တို့ ဒီလောကသားတွေကအားလုံးဟာ မျက်စိပိတ်နားပိတ်ပြီးတော့ အဲဒီနေ့ကျမှ ဘယ်သူရမယ်မှန်းလည်းမသိဘူး။ အကောင်းစားအဝတ်စားတွေဝတ်သွားပြီးတော့ ဟိုရောက် တော့ မရဘူးဆိုတော့ ဒီအတိုင်းလေးပဲ ငုတ်ပြီးပြန်လာခဲ့ကြတာလည်း ရှိပါတယ်။ အဲဒီတော့ အဲဒါမျိုး စကာတင်ဘယ်နှစ်ယောက်ဆိုတာလေး ထိလောက်တော့ သိသင့်ပါတယ်လို့ ဒါကြုံတုန်းပြောတာပါ။ နောက် တစ်ခုကတော့ ဗွီဒီယိုနဲ့ပတ်သက်ပြီးတော့ ဗွီဒီယိုဇာတ်ကားတွေ အရေအတွက်များပြားပြီး အရည်အချင်းရှိ ပညာပေးကားများ နည်းပါးနေတယ်ဆိုတာ ဗွီဒီယိုဇာတ်ကားကတစ်ပတ်ကို တနင်္လာနေ့ကနေ စနေနေ့အထိ ကားတွေ ထွက်ပါတယ်။ တစ်ရက်တစ်ရက်ထွက်တဲ့ကားက အနည်းဆုံးသုံးကားကနေ အများဆုံးခြောက်ကား ဖြစ်အောင် ထွက်ထားတာတွေ့ပါတယ်။ အဲဒီတော့တစ်ပတ်ကို ကားထွက်အရေအတွက်က ကား ၂၀ နဲ့ ၂၅ ကြားမှာရှိပါတယ်။ အဲဒီတော့ အခု ၆ လပိုင်းမှာ ထွက်ပြီးတဲ့ ကားပေါင်းက ၂၈၀ ကျော် တစ်နှစ်ဆိုရင် ဗွီဒီယိုကားပေါင်းဟာ ၅၀၀ လောက်ရှိနေပါပြီ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဗွီဒီယိုဇာတ်ကားတွေတော့ အများကြီးထွက်လာတယ်။ ထွက်လာပြီးတော့ ကျွန်တော်တို့အတွက် ပြည်သူလူထုအတွက်ပညာပေး ဘယ်လောက်များများ မှတ်တမ်းတင်ထားဖို့ ကောင်းမလဲဆိုတာမျိုး လိုအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဗွီဒီယိုကားနဲ့ပတ်သက်ပြီးတော့ ဗွီဒီယိုဇာတ်ကားထုတ်လုပ်ခြင်းမှာ ရန်ကုန်တိုင်းဗွီဒီယို အခြေခံအဖွဲ့ဗဟိုဆိုပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအောက်မှာ ဗွီဒီယိုအခြေခံအဖွဲ့ ဗဟိုဆိုပြီးရှိပါတယ်။ အဲဒီဗဟိုက ရန်ကုန်တိုင်းမှာပဲရှိပါတယ်။ ရန်ကုန်တိုင်းမှာရှိတဲ့ အဲဒီသူတွေက နဂိုကတည်းက ဒီဗွီဒီယိုလုပ်ငန်း

လုပ်တဲ့လူတွေဆို အုပ်စုတွေသတ်သတ်ဖြစ်ပါတယ်။ အဲဒီအုပ်စုလေးကပဲ ဒီအခြေခံအဖွဲ့ ဗဟိုထဲမှာ ပါပြီးတော့ ဒီလူတွေရဲ့လှုပ်ရှားမှု၊ ပြည်သူတွေရဲ့ဖန်တီးမှုတွေဟာ တစ်နိုင်ငံလုံးကို ပြန့်နှံ့သွားပါတယ်။ နောက်သူတို့ရဲ့အပေါ်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ကြီးကြပ်မှု သူ့အပေါ်မှာတော့ ကျွန်တော်တို့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုတွေနဲ့ လုပ်တာမှန်ပါတယ်။ သို့သော် တစ်နိုင်ငံလုံးမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း သူတို့တွေကလည်း သူတို့ရဲ့ယဉ်ကျေးမှုတွေ ရခိုင်ကရခိုင်ယဉ်ကျေးမှုဖော်ထုတ်ချင်တယ်။ ရှမ်းကရှမ်းယဉ်ကျေးမှု ဖော်ထုတ်ချင်တယ်ဆိုတဲ့ အဲဒီယဉ်ကျေးမှုဖော်ထုတ်ဖို့အတွက်ကားတွေ ရိုက်ချင်ပါတယ်။ ရိုက်ချင်တဲ့အခါကျတော့ ဘာလုပ်ရမလဲ။ အရင်ဆုံးထုတ်လုပ်ရေးလိုင်စင်ရှိရမယ်။ ဖြန့်ဖို့ ဖြန့်ချိရေးလိုင်စင်ရှိရမယ်။ သီးသန့်စီရိုက်ကူးဖို့ ရိုက်ကူးရေးလိုင်စင်ရှိရမယ်။ ကူးယူဖို့ ကူယူရေးလိုင်စင်ရှိရမယ်။ တစ်ခုချင်းစီပါ။ အဲဒါတွေကို ရန်ကုန်လာလုပ်ရတယ်။ နယ်ကလူတွေက ဒါတွေမကျွမ်းကျင်ဘူး။ နားလည်းမလည်ဘူး။ အဲဒီမှာ ပတ်ချာလည်နေပြီးတော့ အဲလိုမျိုးတွေ အဲဒီတော့ ကဲမထူးဘူးရိုက်တယ်။ ရိုက်ပြီးတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဒေသဖြန့်တယ်။ ရခိုင်ကနေ ရခိုင်မှာဖြန့်တယ်။ ရှမ်းကလည်း ရှမ်းမှာဖြန့်တယ်။ တချို့ရှမ်းသီးချင်းတွေ ထွက်လာတယ်။ ဒါပေမယ့် ဘာလဲ အားလုံးဟာလိုင်စင်မဲ့တွေ ဖြစ်နေတယ်။ အဲဒါမျိုးဖြစ်ဖို့အတွက် တိုင်းဒေသကြီးတွေ ပြည်နယ်တွေမှာလည်း ဒီလုပ်ပိုင်ခွင့် လိုင်စင်ချထားရေးကို စဉ်းစားပေးဖို့ လိုအပ်ပါတယ်။ သူ့ဒေသနဲ့ သူ့လိုင်စင်ချထားပေးရင် ကြီးကြပ်ရေးမှာ အခွေ၊ ခိုးကူးခွေတွေ ဘယ်ဒေသကထွက်သလဲ။ ဒီပြည်နယ်ကထွက်တယ်။ ဒီပြည်နယ်ကထွက်ရင် ဒီပြည်နယ်က သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တာဝန်ယူနိုင်ပါတယ်။ သူ့ပြည်နယ်အလိုက် တာဝန်ယူလို့ ရပါတယ်။ ရန်ကုန်မှာ ရန်ကုန်တိုင်းမှာ အာဏာပိုင်အဖွဲ့အစည်း ပေါင်းစုံရှိပါတယ်။ အရင်တုန်းကလည်း ဝန်ကြီးဌာနပေါင်းစုံ ရုံးစိုက်ခဲ့တဲ့နေရာဖြစ်ပါတယ်။ သို့သော် ရန်ကုန်တိုင်းသည် ခိုးကူးခွေအများဆုံးနေရာဖြစ်ပြီးတော့မှ မနှိမ်နင်းနိုင်ဆုံးနေရာဖြစ်ပါတယ်။ လှမ်းလျှောက်တာနဲ့ ခိုးကူးခွေတွေက လမ်းဘေးမှာ ပတ်ပတ်လည်နေတယ်။ မင်းတို့ဒါတွေကတရားမဝင်ဘူး ဘာလို့ရောင်းကြတာလည်းလို့ ကျွန်တော်မေးတော့။ ကျွန်တော်တို့ အနည်းဆုံးလိုင်းကြေး ပေးထားတယ်လို့ပြောတယ်။ လွယ်လိုက်တာ ငါကထုတ်လုပ်သူတစ်ယောက်၊ ငါဒါရိုက်တာတစ်ယောက် မင်းတို့ ဒါမျိုးတွေလုပ်ခွင့်မရှိလို့ ငါစေတနာနဲ့ပြောတာ။ မင်းထောင်ကျရင် နှစ်နှစ်ကျသွားနိုင်တယ်။ ရတယ်အစ်ကို ကျွန်တော်တို့ကို ဖမ်းတော့မယ်ဆိုရင် လာပြောလိမ့်မယ်တဲ့။ အင်းကောင်းလိုက်တာ။ အဲဒီလိုမျိုးရှိတော့ ကျွန်တော်တို့တွေ ဒါတွေကို တိုက်ဖျက်ဖို့လိုအပ်မယ်။ ဗွီဒီယိုပရိုဂျူဆာတစ်ယောက် နောက်ဖက်မှာ မီးထိုးမှန်ထိုး ကင်မရာမင်း အဲဒီအောက်မှာ သရုပ်ဆောင်တွေ

အစ လူကြမ်းအဆုံး ဟိုးဘက်က မိတ်ကပ်ကအစ မှီခိုနေရတာ။ မှီခိုနေရတဲ့နေရာမှာ ပရိဂျူဆာတစ်ယောက် လဲသွားပြီဆိုရင် အဲဒီလူတွေအားလုံး ထမင်းငတ်သွားမယ့်အဆင့် ရောက်သွားပါတယ်။ အခုတော့ ဗွီဒီယိုပရိဂျူဆာတွေလည်း တစ်နိုင်ငံလုံးအတိုင်းအတာဆိုရင် ၄၀၀ လောက်ရှိပါတယ်။ ၄၀၀ လောက်ရှိတဲ့ နေရာမှာ တချို့လည်း အဲဒီလိုပဲ ဖြစ်ကတတ်ဆန်းနဲ့ အရင်းလေးရရင်တစ်လကို နှစ်ကားလောက်၊ သုံးကား လောက်ထုတ်ရရင် မဆိုးဘူးဆိုပြီးတော့ လုပ်နေကြပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ဘာဖြစ်သလဲဆိုရင် စည်းကမ်းချက်က အများကြီးရှိနေပါတယ်။ စည်းကမ်းချက်ဆိုတာ ကျွန်တော်တို့တွေမှာ အရင်တုန်းက ရှိခဲ့ပါတယ်။ စကားလုံးတွေ အမြန်ကြေး၊ သက်သာကြေး အဲဒီစကားတွေ နောက်ဆက်တွဲပေါ်လာတယ်။ အမြန်ကြေး၊ အနှေးကြေး၊ သက်သာကြေး၊ မသက်သာကြေးဆို နောက်ဆုံးစကားလုံး ကျန်ရစ်ခဲ့တယ်။ မသက်သာကြေး ကျန်ရစ်ခဲ့ပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးတွေနဲ့ ဆင်ဆာမြန်မြန်ကျချင်ရင် မြန်မြန်ကျဖို့ အတွက်ကို လိုက်ရတယ်ဆိုတာ လိုက်ရတယ်ဆိုတဲ့စကားကို ဖျက်ချင်ပါတယ်။ ဘယ်ကိုလိုက်ရင်၊ ဘယ်ကို ပို့လိုက်ရင်ရတယ်ဆိုတဲ့စကားတွေ ဖျက်ချင်ပါတယ်။ ဥပဒေအတိုင်းပဲ ဖြစ်ချင်ပါတယ်။ ဥပဒေကို တိတိကျကျနဲ့ဖြစ်ဖို့ ရဲတွေကိုပြောတယ်။ မင်းတို့ရှေ့မှာအခွေ မင်းတို့မဖမ်းဘူးလားဆို ကျွန်တော်တို့ ဥပဒေ မသိဘူး။ ဗွီဒီယိုအခြေခံအဖွဲ့မှာပဲ ရှိပါတယ်ပြောပါတယ်။ နောက်တစ်ခုကတော့ ယဉ်ကျေးမှုနဲ့ ပတ်သက်တယ်။ ယဉ်ကျေးမှုက နိုင်ငံခြားက ဇာတ်လမ်းတွဲတွေဝင်လာပါတယ်။ ဝင်လာတော့ ကျွန်တော်တို့ နိုင်ငံမှာထွက်ပေါက်အနေနဲ့ အမျိုးသမီးတွေအနေနဲ့ ထွက်ပေါက်၊ တစ်ရက်ထွက်ပေါက်လိုချင်ရင် တစ်နေကုန် သူ့အိမ်မှာရှိတဲ့ သန့်ရှင်းရေးလုပ်ငန်းတွေလုပ်ပါတယ်။ တစ်ပတ်ဆိုရင် ရိပ်သာဝင်တယ်။ တစ်လ သီလရှင်ဝတ်တယ်။ ခရီးထွက်တယ်။ သူတို့နိုင်ငံမှာတော့ တစ်နေ့ထွက်ပေါက်ရှာချင်ရင် ပိုက်ဆံမရှိတဲ့သူက လမ်းဘေးမှာ ဆိုဂျူသောက်တယ်။ ပိုက်ဆံရှိတဲ့သူက အိမ်ထဲမှာဝီစကီထိုင်သောက်တယ်။ မိန်းမတွေ၊ အမျိုးသမီးတွေ အဲဒီတော့ အရက်သောက်တဲ့အခန်းကို ဖန်ခွက်လေးကိုပဲ **(ပလား)**လုပ်ထားပါတယ်။ ကာလာလေးနဲ့ ပိတ်ထားပါတယ်။ အဲဒီလို ပိတ်ထားတဲ့ဟာမျိုးလေးကို အရက်သောက်မှန်းသိနေပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ရက်ကတော့ ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ တစ်ခန်းလုံးဖြတ်သွားတာတွေ့ပါတယ်။ အဲဒီတော့ မိန်းမတွေ အရက်သောက်တာတွေလည်း အဲဒီယဉ်ကျေးမှုတွေက ကူးစက်မှုတွေ မြန်မာပြည် ရောက်လာပါတယ်။ မိန်းကလေးတွေက ကိုရီးယားစတိုင်တွေဝတ်ကြရင်းနဲ့ ဝတ်ရင်းဝတ်ရင်းနဲ့တိုတိုတိုရင်းနဲ့ တိုလို့မရတဲ့နေရာမှာ ရပ်သွားပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးတွေကို ဒါတွေကို ရပ်ကွက်ထဲက ပြီးခဲ့တဲ့ အပတ်မှာပဲ ကျွန်တော့်ကို ပြောလိုက်ပါတယ်။ အမေကြီးက လက်အုပ်ချီပြီး ကျွန်တော့်ကို ပြောတယ်။ ဒါလေး

တော့ပြောပေးပါ။ အဲဒီတော့ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီးတော့ ထိန်းသိမ်းဖို့ ကျွန်တော်တို့တွေလည်း ဒီဇာတ်လမ်းတွဲတွေက အခုပြနေတဲ့ကားတွေ၊ ဇာတ်လမ်းတွဲတွေမှာ အိမ်ထောင်ရေးဖောက်ပြန်တဲ့ကားတွေ၊ သူ့ယောကျ်ားကိုယ်ယူ။ ကိုယ့်ယောကျ်ားသူယူ။ ပတ်ချာလည်ကိုလည်နေတာပဲ။ ဟိုဘက်မှာလည်း ဒီဟာ မကြည့်ချင်။ နောက်ဟိုဘက်ပြောင်း ကြည့်လိုက်ဒါပဲ။ ဟိုဘက်ပြောင်းကြည့်တော့ ဒါပဲ နောက်ကြည့်စရာ မရှိတော့ဘူး ဖြစ်သွားတယ်။ နောက်ပြီးခဲ့တဲ့ ၂၅ ရက်နေ့မှာ ကျွန်တော်တို့ လွှတ်တော်ပိတ်တဲ့ တနင်္ဂနွေနေ့မှာ FM နားထောင်လိုက်တယ်။ FM က အရက်သောက်တာ ကောင်းလား၊ မကောင်းလား ဆိုတဲ့ကိစ္စကို ပြောပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မိန်းကလေးတစ်ယောက်ကဖြေတာ မိန်းကလေးအရက်သောက်တာ နည်းနည်းပါးပါး သောက်တာကောင်းတယ်တဲ့၊ မူးတဲ့အကြောင်း သူမူးတဲ့အကြောင်းပြောတယ်။ နောက် ကောင်လေးတစ်ယောက်ကလည်း အင်း တစ်ခါတစ်ရံသောက်တာကောင်းပါတယ်။ သူ့အသက်ဘယ်လောက်လဲ လို့မေးတော့ ၁၅ နှစ်ဆိုတော့ အဲဒါကို အရက်သောက်တာကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ကိစ္စကို အဖြေဆိုတာရှိပါတယ်။ ရှေ့ကအဖွင့်ရှိရင် အဖြေရှိရတယ်၊ အဖြေမှာသေးသေးလေး နည်းနည်းလောက်ပဲ ပေးပြီးတော့ အဖွင့်တွေမှာ အများကြီးပြောသွားတဲ့အတွက် အဲဒီဥစ္စာတွေက၊ လူတွေက အရက်သောက်တာ ကောင်းတယ်လို့ပဲ ထင်လိုက်ရတာမျိုးရှိပါတယ်။ ဒါကလည်း ဘာပဲပြောပြော ဒီမီဒီယာပိုင်းနဲ့ ပြန်ကြားရေးနဲ့ ဆိုင်နေလို့ ကျွန်တော် အဲဒါကိုထည့်ပြောတာပါ။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီဗွီဒီယိုဇာတ်လမ်းတွဲ တွေဟာ လူတွေကိုဖမ်းစားစေတယ်ဆိုတာ ပေါင်ချိန်ကားပြတုန်းက တရားရှင်၊ တရားရှင်မဟုတ်တာလုပ်ရင် ခွေးခေါင်းနဲ့ အဖြတ်ခံရမယ်။ နဂါးခေါင်းစက်နဲ့ ဖြတ်ခံရမယ်ဆိုတာမျိုး။ ကျန်ကျောင်းဆိုလည်း ကောင်းတယ်။ ဝူခုန်းဆိုလည်းကောင်းတယ်။ အဲဒီလိုမျိုး တွေဖြစ်လာတယ်။ နောက်ပိုင်းကျတော့ ကိုရီးယား ကားတွေဝင်လာတော့ ကျွန်တော်တို့က ဘာတွေဖြစ်ကုန်ပြီလဲဆိုပြီးတော့ အဝတ်အစားတွေက ကိုရီးယား စတိုင်တွေပဲ အညာဆရောစပြီးပြောကြတော့တယ်။ အဲဒီလိုမျိုးဖြစ်သွားတယ်။ အဲဒီတော့ ဘာဖြစ်သွားလည်း ဆိုရင် လူတွေကူးပြောင်းလာတာက ဒီဗွီဒီယိုတွေ၊ မီဒီယာတွေရဲ့ဖမ်းစားမှုရှိတဲ့အတွက် ဒါတွေကိုပြုပြင်ပေးဖို့ ကျွန်တော်တို့လိုအပ်ပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီအတွက် ကျွန်တော်မေးခွန်းအနေနဲ့တော့ မြန်မာ့ ရုပ်ရှင်အဆင့်အတန်း၊ အရည်အသွေးညံ့ဖျင်းလျက်ရှိသည်ကို သိပါသလား။ ဗွီဒီယိုဇာတ်ကားများ အရေအတွက်များပြီး အရည်အချင်းရှိပညာပေးကားများ နည်းပါးနေသည်ကိုသိပါသလား။ ဗွီဒီယိုဇာတ်ကား ဗွီစီဒီသီချင်းခိုးကူးခွေများကို ထိရောက်စွာ မနှိမ်နင်းနိုင်သည်ကိုသိပါသလား။ ဗွီဒီယိုဇာတ်လမ်းတွဲများတွင် မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို အလျင်အမြန်ကူးစက်လွှမ်းမိုးစေပြီး မိမိနိုင်ငံနှင့် ဖီလာဆန့်ကျင့်တဲ့လူမှုစရိုက်များ

ကူးပြောင်းလာခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုများ ထိခိုက်ခံနေရသည်ကို သတိမူမိပါသလား။ ယဉ်ကျေးမှု ထိခိုက်စေမယ့် ဒီဇာတ်လမ်းတို၊ ဇာတ်လမ်းတွဲများကို မည်သို့ကာကွယ်တားဆီးရန် ပြင်ဆင်ထားပါသလဲ။ ဒီတော့ အဲဒီနေရာမှာ ကျွန်တော်တို့ တိုင်းရင်းသားဝတ်စုံတွေနဲ့ လူးဆိုးခန်းတွေ ရိုက်နေတာတွေကိုလည်း တားဆီးသင့်ပါတယ်။ ရှမ်းဘောင်းဘီတွေဝတ်ပြီးတော့မှ လူဆိုးတွေလုပ်တဲ့ဟာမျိုး အရက်သောက်တဲ့ အခန်းတွေ ဒါတွေလည်းမသင့်လျော်ပါဘူးလို့ပြောရင် ကျွန်တော်ရဲ့ မေးခွန်းကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော် ဒီနေရာကနေပြီးတော့မှ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်ရဲ့ မေးမြန်းထားတဲ့ မြန်မာ့ရုပ်ရှင်လောကရဲ့အခြေအနေ၊ ဗွီဒီယိုလောကရဲ့အခြေအနေ ဗွီဒီယို ခိုးကူးခွေများ ကိစ္စနဲ့ပတ်သက်တဲ့ အခြေအနေ၊ နောက်ကျွန်တော်တို့ ဗွီဒီယိုဇာတ်လမ်းတွဲများကနေပြီးတော့ မှအမျိုးသားယဉ်ကျေးမှုအပေါ်မှာ ရိုက်ခတ်လာနိုင်တဲ့အခြေအနေများနဲ့ပတ်သက်ပြီး မေးမြန်းတဲ့မေးခွန်းများ ကို ကျွန်တော် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ အခုလို စိတ်ဝင်တစားမေးမြန်းလာတဲ့အတွက်လဲ ကျွန်တော်တို့အနေနဲ့ ကြိုဆိုကြောင်းလဲ ဖြေကြားလိုပါတယ်။ ဦးခင်မောင်ရည်အနေနဲ့ ယခုအချိန်မှာမှ မြန်မာ့ရုပ်ရှင် လောကနှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးမြန်းလာပေမယ့် ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့တော့ ဖြစ်ပေါ်နေတဲ့ ရုပ်ရှင်လောကအခြေအနေနဲ့ အနာဂါတ်အလားအလာများကို ဝေဖန်သုံးသပ်ပြီး ၂၀၀၂ ခုနှစ်ကတည်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံချက်များရေးဆွဲပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်လောကသားများနဲ့ထိတွေ့၊ ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြတာမို့ ဒီလိုဆောင်ရွက်မှုတွေကို အားလုံးကသိရှိနေကြပါတယ်။ မီဒီယာများမှာလည်း ဒီအကြောင်းတွေကို အချိန်နှင့်တစ်ပြေးညီ ရေးသားခဲ့ကြပါတယ်။ ဒါ့အပြင် အကယ်ဒမီဆုပေးပွဲတိုင်းမှာလည်း ရုပ်ရှင်ဗီဒီယို လောကရဲ့ လက်ရှိအခြေအနေ၊ ရုပ်ရှင်ဗီဒီယို လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမယ့် ရည်ရွယ်ချက် ငါးရပ်၊ လုပ်ငန်းစဉ် ၁၂ ရပ်တို့ကို အမြဲထည့်သွင်းမှာကြားတိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့်

ဒီလိုဆောင်ရွက်နေတာတွေကို အများစုက သိနေကြပြီးဖြစ်ပါတယ်။ သို့သော်လည်း ပညာရှိသတိဖြစ်ခဲ့ ဆိုတဲ့စကားလို ကိုယ်စားလှယ်တော်ကြီးအနေနဲ့ သတိဖြစ်ခဲ့ပြီး မသိလိုက်တာဖြစ်ပါလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်ဆက်လက်ရှင်းပြပါမယ်။ တကယ်တော့ ဒီဗွီဒီယို လောကဆိုတာ တစ်ချိန်ကကြုံတွေ့ခဲ့ရတဲ့ ရုပ်ရှင်ဖလင်ရိုင်းများဝယ်ယူရန် ခက်ခဲမှုကနေ ပေါ်ပေါက်လာတဲ့ ဖျော်ဖြေရေးကဏ္ဍသာဖြစ်ပါတယ်။ ဒီဗီဒီယိုဇာတ်ကားများကို ရိုက်ကူးနေသူများဟာလည်း ရုပ်ရှင်လောကသားများပဲ ဖြစ်ပါတယ်။ နိုင်ငံတကာကို ထိုးဖောက်မယ်ဆိုရင်လည်း ရုပ်ရှင်ဇာတ်ကားကြီး များနှင့်သာ ထိုးဖောက်ရတာ ဖြစ်ပါတယ်။ နာမည်ကြီးရုပ်ရှင်ဇာတ်ကားများကို ဗီစီဒီ၊ ဒီဗီဒီအခွေများအဖြစ် တရားဝင်ကူးယူဖြန့်ချိတာပဲရှိပါတယ်။ သီးခြားဗီဒီယိုဇာတ်ကားများရိုက်ကူးပြီး ဗီဒီယိုသက်သက်ပြသခြင်း၊ ဈေးကွက်တင်ခြင်းများမရှိပါဘူး။ ဒါကြောင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်သွားရင် အဲဒီရဲ့ အချက်အလက်တစ်ခုဖြစ်တဲ့ ဗီဒီယိုဇာတ်ကားများရဲ့ အရည်အသွေးဟာလည်း တစ်နွယ်ငင်တစ်စင်ပါ တိုးတက်လာမှာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ဖို့၊ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ဆိုရင် ရုပ်ရှင်လောကကို ဈေးကွက်အရလည်းကောင်း၊ နည်းပညာအရ လည်းကောင်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ရာမှာ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုတွင်ပါဝင်နေသည့် ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်း၊ တည်းဖြတ်စသည့် ပညာရှင်များ၏ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ရုံများရဲ့ အရည်အသွေးမြှင့်တင်ရေးနဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားများပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ရေးဆိုပြီး ရည်မှန်းချက်လေးရပ်ထားပြီး လုပ်ဆောင်လျက်ရှိပါတယ်။

ရုပ်ရှင်နဲ့ပတ်သက်တဲ့ စက်မှုနည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်းမှာ မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေနဲ့ ယူရို ၁.၅ သန်းကျော်တန်ဖိုးရှိတဲ့ ကင်မရာ၊ အသံကူး ပြောင်းစက်၊ အရောင်ခွဲစက်နဲ့ ကားကူးကားဆေးစက်များကို ဝယ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ်မှာလည်း နောက်ထပ် ယူရို ၄.၅ သိန်းဖိုး ထပ်မံဝယ်ယူဖြည့်တင်းဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် အဆင့်အတန်းမီတဲ့ ဇာတ်ကား ကောင်းတစ်ကား ရိုက်ကူးနိုင်ဖို့အတွက် လိုအပ်တဲ့ အခြေခံစက်ပစ္စည်းများကို နိုင်ငံတော်က ဝယ်ယူဖြည့် တင်းပေးထားပြီးဖြစ်ပါတယ်။ ဒီစက်ပစ္စည်းများကို ထိထိရောက်ရောက် အသုံးချနိုင်ဖို့အတွက် မြန်မာ့ ရုပ်ရှင်လောကမှ ဝန်ထမ်းများကို ပြည်တွင်းပြည်ပသင်တန်းများမှာ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ပါ

တယ်။ ဒါကြောင့် ပြည်တွင်းရုပ်ရှင်ထုတ်လုပ်သူများအနေနဲ့ အဲဒီခေတ်မီစက်ပစ္စည်းများကို အသုံးပြုပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ခွင့် ရှိနေပြီဖြစ်ပါတယ်။

ရုပ်ရှင်ရုံများ အရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်ပြီး ရုပ်ရှင်ကြည့်ပရိတ်သတ်များကို ဆွဲဆောင်နိုင်ရန်နှင့် တိုးတက်ပြောင်းလဲနေတဲ့ ပြသရေးစနစ်များ၊ ရုံတည်ဆောက်မှုနည်းပညာများကို အသုံးပြုနိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုလုပ်ဆောင်ရာမှာ လက်ရှိရုပ်ရှင်ရုံများမှာ ရုပ်ပုံနှင့် အရောင်အသွေးကြည်လင်ပြတ်သားစေဖို့အတွက် ခေတ်မီရုပ်ရှင်ပြဇာတ်များ လဲလှယ်တပ်ဆင်ခြင်း၊ အသံပိုင်းဆိုင်ရာစနစ်များ ခေတ်မီအောင် ပြုပြင်တပ်ဆင်ခြင်း၊ ရုံတွင်းရုံပြင် အပြင်အဆင်များ၊ အလင်းအမှောင်များကောင်းမွန်အောင်လုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် နောက်ထပ်ဆောက်လုပ်တဲ့ Shopping Mall များမှာ နိုင်ငံတကာစံချိန်မီတဲ့ ရုပ်ရှင်ရုံငယ်လေးများကို ထည့်သွင်းတည်ဆောက်ဖို့ တိုက်တွန်းအားပေးခဲ့တဲ့အတွက် ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးမှာ ထိုကဲ့သို့ ရုပ်ရှင်ရုံများပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး တိုင်းဒေသကြီးနဲ့ မြို့နယ်များမှာပါ တိုးချဲ့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ရုပ်ရှင်ရုံများ ခေတ်မီတိုးတက်ကောင်းမွန်လာတာနဲ့အမျှ ပရိသတ်ကိုပိုမိုဆွဲဆောင်နိုင်ပြီး ထုတ်လုပ်သူများအတွက်လည်း အကျိုးအမြတ်ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို အကျိုးအမြတ်ရရှိမယ်ဆိုရင် ထုတ်လုပ်သူများကို အရည်အသွေးမြင့်မားတဲ့ ဇာတ်ကားများကိုထုတ်လုပ်လာဖို့အတွက် ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပကို ထိုးဖောက်ပြသနိုင်ရေးအတွက်နဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မြန်မာ့ရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်းပြီး နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လအထိ နိုင်ငံတကာရုပ်ရှင်ပွဲတော်ရှစ်ခုမှာ မြန်မာဇာတ်ကား ၂၄ ကား ဝင်ရောက်ပြသနိုင်ခဲ့ပါတယ်။ ဒီလိုပြသနိုင်ခဲ့တဲ့အတွက် နိုင်ငံတကာပရိသတ်များအနေနဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ သဘာဝအလှအပများကို တွေ့မြင်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများအပေါ် စိတ်ဝင် စားမှုတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ပြည်ပသို့သွားရောက်ပြသနိုင်အောင် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့တဲ့အတွက် ယခုအခါမှာ မြန်မာရုပ်ရှင်ဇာတ်ကားများကို အရှေ့တောင်အာရှနိုင်ငံများမှာ ပြသနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်၊ ကိုရီးယားနိုင်ငံများနှင့်လည်း ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ပူးတွဲထုတ်လုပ်နိုင်ဖို့ အတွက်လည်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရုပ်ရှင်အတတ်ပညာဆိုင်ရာများ တိုးတက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်

(ရန်ကုန်)မှာ ရုပ်ရှင်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေသကဲ့သို့ ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ပညာနှီးနှောဖလှယ်ပွဲများ တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အထက်မှာတင်ပြခဲ့တာတွေဟာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ပတ်ဝန်းကျင် အခြေအနေကောင်းများ ဖန်တီး ဖော်ဆောင်ထားပေးမှုများပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုဖန်တီးပေးထားရုံနဲ့ မြန်မာ့ရုပ်ရှင်လောကဟာ ဖွံ့ဖြိုး တိုးတက်လာမှာမဟုတ်ပါဘူး။ ဒီဖန်တီးပေးထားတဲ့အခြေနေများကို ရုပ်ရှင်လောကသားများ ကိုယ်တိုင်က အသုံးချပြီး လုပ်ဆောင်ဖို့လည်း လိုအပ်နေပါသေးတယ်။ လက်တွေ့အခြေအနေမှာ ရုပ်ရှင်လောကသား အများစုဟာ သရုပ်ဆောင်၊ ရိုက်ကူး၊ တည်းဖြတ်၊ ဇာတ်ညွှန်းစတဲ့ပညာရပ်များမှာ မိမိတို့အတွေ့အကြုံက ရရှိလာတဲ့ပညာများကိုပဲ အသုံးချနေပြီး နိုင်ငံတကာမှာ တိုးတက်ပြောင်းလဲနေတဲ့ ပညာရပ်များကို လေ့လာ ဆည်းပူးအသုံးချမှုများမှာ အားနည်းနေသေးတာကို တွေ့ရပါတယ်။ ဒါဟာလည်း မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေးအတွက် လိုအပ်ချက်တစ်ခု ဖြစ်နေပါတယ်။ ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး မြင့်မားရေးမှာ နောက်ထပ်တွေ့ကြုံနေရတဲ့ အတားအဆီးတစ်ခုကတော့ ရိုက်ကူးထုတ်လုပ်မှုကုန်ကျစရိတ် များ မြင့်မားနေခြင်းပဲဖြစ်ပါတယ်။ ဒီကနေ့အချိန်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကား ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ကျပ်သိန်း ၈၀၀ ကနေ ကျပ်သိန်း ၁၂၀၀ အထိရှိပြီး အဲဒီအထဲမှာ အဓိကကုန်ကျစရိတ် သုံးမျိုးပါဝင်နေ ပါတယ်။ ပထမတစ်မျိုးကတော့ အသုံးပြုရတဲ့ဖလင်အမျိုးမျိုးရဲ့ ကုန်ကျစရိတ်ပဲဖြစ်ပါတယ်။ ဒုတိယကုန်ကျ စရိတ်ကတော့ ဝတ္ထုဇာတ်ညွှန်း၊ ဒါရိုက်တာ၊ တေးသီချင်းနဲ့သရုပ်ဆောင်များအတွက် ကုန်ကျစရိတ် ဖြစ်ပါတယ်။ တတိယကုန်ကျစရိတ်ကတော့ ရိုက်ကူးစဥ်ကာလ နေထိုင်သွားလာတဲ့စရိတ်နဲ့ဇာတ်ဝင် အခမ်းအနားများတည်ဆောက်ရတဲ့ ကုန်ကျစရိတ် ဖြစ်ပါတယ်။ ဇာတ်ကားတစ်ကားကောင်းဖို့အတွက်ဆိုရင် ရုပ်ရှင်အတတ်ပညာ၊ စက်မှုအတတ်ပညာပိုင်းမှာသာမက အဲ့ဒီကုန်ကျစရိတ်များကိုပါမက လုံလုံလောက်လောက် သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် Negative Film အတွက်ကုန်ကျစရိတ်ကို လျှော့နိုင်ဖို့အတွက် ဖလင်ကိုချွေတာလိုက်မယ်ဆိုရင် သရုပ်ဆောင်များရဲ့ဇာတ်ဝင်ခန်းအရ သရုပ်ဆောင်များကို ဒါရိုက်တာ စိတ်ကြိုက် ရိုက်ကူးနိုင်ခြင်းမရှိတဲ့အတွက် အနုပညာအရ တင်ဆက်မှုအရည်အသွေးကျဆင်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုပါပဲ ဇာတ်ဝင်ခန်းအရလိုအပ်တဲ့ ဇာတ်ဝင်အခမ်းအနားများကို တည်ဆောက်ရိုက်ကူးခြင်း မပြုနိုင်ဘူးဆိုရင် ဇာတ်လမ်းရဲ့ဆွဲဆောင်နိုင်မှု၊ သဘာဝကျမှုများ အားနည်းသွားမှာဖြစ်ပါတယ်။ နောက်တစ်ခါ

ဇာတ်လမ်း၊ ဇာတ်ညွှန်းများအတွက် ကုန်ကျစရိတ်ကို ချွေတာတဲ့အနေနဲ့ခွင့်ပြုချက်မရှိဘဲ အသုံးပြုမိရင်လည်း မူပိုင်ခွင့်ဆိုင်ရာ ပြဿနာများ ဖြစ်နိုင်ပါတယ်။

ရုပ်ရှင်ထုတ်လုပ်သူများဘက်က ကြည့်မယ်ဆိုရင်လည်း ရုပ်ရှင်ဇာတ်ကားတစ်ကားအတွက် ကုန်ကျစရိတ်များပြားလာတာနဲ့အမျှ အဲဒီရင်းနှီးမြှုပ်နှံမှုပြန်ရဖို့၊ နောက်တစ်ကြိမ်ရိုက်ကူးနိုင်ဖို့အတွက် လုံလောက်တဲ့ အမြတ်ရရှိဖို့လည်း လိုအပ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ထုတ်လုပ်သူများဘက်ကလည်း ဈေးကွက်ရဲ့ တောင်းဆိုမှု ပရိသတ်ရဲ့ လိုအပ်ချက်များကို မဖြစ်မနေထည့်သွင်းစဉ်းစား လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အနုပညာအရ အရည်အသွေးမြင့်မားတဲ့ ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ဖို့အတွက်ဆိုရင် ပရိသတ်များကိုယ်တိုင် အဲဒီဇာတ်ကားမျိုးတွေကို အားပေးဖို့လည်း လိုအပ်ပါတယ်။ နောက်ထပ်ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ ဖျော်ဖြေရေးကဏ္ဍ ကြီးမားကျယ်ပြန့်လာခြင်းပဲ ဖြစ်ပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်များအထိ မြန်မာ့ရုပ်ရှင်လောကဟာ နိုင်ငံတော်က တရားဝင်တင်သွင်းလာတဲ့ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများနဲ့သာ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒီကနေ့အချိန်မှာတော့ တိုးတက်လာတဲ့ သတင်းအချက်အလက်နည်းပညာများကြောင့် နိုင်ငံတကာ ရုပ်ရှင်ဇာတ်လမ်းများကို ဗွီစီဒီ၊ ဒီဗွီဒီများအဖြစ်လည်းကောင်း၊ အင်တာနက်မှတစ်ဆင့်လည်းကောင်း၊ ဂြိုဟ်တုစလောင်းများမှလည်းကောင်း ရရှိနိုင်သလို ပြည်သူများအနေနဲ့ ရုပ်ရှင်အပြင်အခြားဖျော်ဖြေရေးမီဒီယာပေါင်းစုံကို လက်လှမ်းမီအလွယ်တကူ ရရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ရုံမှာ ရုပ်ရှင်လာရောက်ကြည့်ရှုသူအရေအတွက်ဟာ နယ်မြို့များမှာ ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ နယ်မြို့များအထိ ခေတ်မီရုပ်ရှင်ရုံငယ်များတည်ဆောက်ပြီး ရုပ်ရှင်ဈေးကွက်ကို ချဲ့ထွင်နိုင်အောင် လုပ်ဆောင်နေခြင်းပဲဖြစ်ပါတယ်။ တကယ်တော့ မြန်မာ့ရုပ်ရှင်လောက အရည်အသွေးမြင့်မားဖို့ မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းဟာ အခြားနိုင်ငံများမှာလို Industry တစ်ခုအထိ ရောက်လာဖို့ကို ရုပ်ရှင်လောကသားက အလိုလားဆုံးဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း အမျိုးသားရေး ရည်မှန်းချက်အဖြစ်သဘောထားပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်အထက်က ကျွန်တော် ဆွေးနွေးခဲ့တဲ့ အခြေအနေအကျဉ်းချုပ်ကို ကြည့်မယ်ဆိုရင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ ရုပ်ရှင်များရဲ့ အဆင့်အတန်းအရည်အသွေးမြင့်မားဖို့ဆိုရင် အကြောင်းအချက်တစ်ခုတည်း မဟုတ်ဘဲ အကြောင်းအချက်အများကြီးကို ကိုင်တွယ်ဖြေရှင်းဖို့လိုအပ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

နောက်ထပ် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အချက်ကတော့ ဗွီဒီယိုဇာတ်လမ်းတွဲများကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ မီဒီယာလောကမှာတော့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲလို့ သုံးနှုန်းတာပဲ ရှိပါတယ်။ ဗွီဒီယိုဇာတ်လမ်းတွဲဆိုတာမရှိပါဘူး။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီး ရည်ညွှန်းတဲ့ ဗွီဒီယိုဇာတ်လမ်းတွဲဆိုတာဟာ ယနေ့မြန်မာ့အသံ၊ မြဝတီ၊ Family Entertainment, Sky Net စတဲ့ရုပ်မြင်သံကြားအစီအစဉ်များမှာ ထုတ်လွှင့်နေတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကို ဆိုလိုတာပဲလို့ပဲယူဆပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများသာမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်တဲ့ရုပ်ရှင်ကားများ၊ ဗွီဒီယိုဇာတ်လမ်းတွဲများ၊ ပြည်ပမှတရားဝင်တင်သွင်းလာတဲ့ ရုပ်ရှင်ဇာတ်ကားများ၊ ဗွီဒီယိုအခွေများကိုပါ ဆင်ဆာအဖွဲ့နဲ့စစ်ဆေးလျက်ရှိပါတယ်။ အဲဒီလိုစစ်ဆေးရာမှာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက်လည်းကောင်း ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက်လည်ကောင်း မလိုလားအပ်တဲ့ ပြောဆိုမှု၊ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှုများမပါရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ရုပ်ရှင်နှင့်ဗွီဒီယိုဆင်ဆာအဖွဲ့ဝင်များအနေနဲ့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်ရေးနဲ ့ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကိုထိခိုက်စေမယ့်အချက်များမပါအောင် စစ်ဆေးရာမှာ လိုက်နာရမယ့်အချက်များကိုလည်း အတိအကျသတ်မှတ်ထားပြီးဖြစ်ပါတယ်။ အချိန်ကန့်သတ်ချက်ကြောင့် အသေးစိတ်အချက်အလက်များကိုတော့ ရှင်းလင်းတင်ပြခြင်းမပြုတော့ပါဘူး။ လက်ရှိအခြေအနေမှာ ရုပ်ရှင်နှင့်ဗွီဒီယိုဆင်ဆာအဖွဲ့များအနေနဲ့ အထက်ပါသတ်မှတ်ချက်များအတိုင်း စိစစ်ပေးလျက်ရှိပါတယ်။ နိုင်ငံတကာမှာလည်း ရုပ်ရှင်ကားများကို အဲဒီလိုစိစစ်လေ့ရှိတယ် ဆိုတာကိုလည်းတွေ့ရပါတယ်။ အမေရိကန်နိုင်ငံမှာတောင် Motion Picture Association of America, MPAA ကနေပြီး ရုပ်ရှင်ဇာတ်ကားများကို ကလေးသူငယ်များ ကြည့်ရှုရန်သင့်၊ မသင့်ကို G,PG, PG 13, R,NC 17 စသည်ဖြင့် ခွဲခြားသတ်မှတ်ပေးလျက်ရှိပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့နိုင်ငံမှာတော့ အချို့ကနိုင်ငံကျင့်ထုံးများကို လေ့လာခြင်းမရှိဘဲ ရုပ်ရှင်နဲ့ ဗွီဒီယိုဆင်ဆာအဖွဲ့များမထားဖို့ ပြောဆိုနေတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်ကလည်း အထက်မှာ ဖော်ပြခဲ့သလို နိုင်ငံတကာမှာ ကျင့်သုံးလုပ်ဆောင်နေမှုများနဲ့ မိမိတို့နိုင်ငံမှာလည်း အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက်လည်းကောင်း အဲဒီလို စိစစ်ကြပ်မတ်မှုများရှိနေဖို့လိုအပ်ကြောင်း ရှင်းလင်းပြောကြားနေရပါတယ်။ အခုလိုအချိန်မျိုးမှာ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ရုပ်သံ ဇာတ်လမ်းတွဲများကြောင့် မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ခံနေရခြင်းကနေ ကာကွယ်ဖို့အတွက် တိုက်တွန်းမေးမြန်းလာတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အထက်မှာဖြေကြားခဲ့သလိုပဲ ဒီလိုကာကွယ်

နိုင်ဖို့အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပြီးဖြစ်တဲ့အတိုင်း တိကျစွာအကောင်အထည်ဖော်သွားမည်ကြောင်း ဖြေကြားလိုပါတယ်။

နောက်ထပ်မေးထားတဲ့ မေးခွန်းကတော့ ဗွီဒီယိုခိုးကူးခွေများကိစ္စဖြစ်ပါတယ်။ ဒီကိစ္စဟာ ဗွီဒီယိုလောကကိုသာမက ဂီတလောကကိုပါထိခိုက်စေတဲ့ ကိစ္စဖြစ်တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနသာမက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးတို့ကပါ အလေးထား နှိမ်နင်းနေတဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုနှိမ်နင်းတဲ့အတွက်လည်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကိုဖောက်ဖျက်ကျူးလွန်တဲ့အမှုပေါင်း ၈၁ မှုကိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အဲဒီအမှုများမှာ ခိုးကူးခွေ မြန်မာဗွီဒီယိုဇာတ်ကား ၃၁၇၄ ချပ်၊ မြန်မာကာရာအိုကေအခွေ ၇၂၉၄ ချပ်၊ နိုင်ငံခြားဇာတ်ကားခွေ ၁၇၉၂၃ ချပ်၊ ညစ်ညမ်းခွေ ၂၆၁၅ ချပ်၊ စုစုပေါင်း ၂၁၁၀၆ ချပ်နှင့် ခိုးကူးစက် ၁၃ လုံးကို ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒါကြောင့် ဗွီဒီယိုခိုးကူးခွေများရှိနေတာကို သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ လျစ်လျူရှုမထားဘဲ ထိထိရောက်ရောက်အရေးယူလျက်ရှိတာကို တွေ့နိုင်ပါတယ်။ သို့သော်လည်းပဲ ခိုးကူးခွေများ လုံးဝပပျောက်ဖို့ဆိုရင်တော့ နိုင်ငံတော်အားတစ်ခုတည်းနဲ့မရပါဘူး။ ပြည်သူလူထုကိုယ်တိုင်က ခိုးကူးခွေများကိုအားမပေးဘဲ တရားဝင်အခွေများကိုသာ အားပေးဖို့လိုပါတယ်။ ဈေးကွက်သဘောသဘာဝအရစားသုံးသူ၊ ဝယ်သူရှိနေသရွေ့ နည်းမျိုးစုံဖြင့် ခိုးကူးခွေထုတ်လုပ်မှုကရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာအစည်းအရုံးများနဲ့ညှိနှိုင်းပြီး ပညာပေးအစီအစဉ်များလည်း လုပ်ဆောင်လျက်ရှိကြောင်းဖြေကြားရင် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အားလုံးမိနစ် ၂၀ ပြည့်ဖို့ ၁၂ စက္ကန့်လိုပါတယ်။ ဖြေတာကတော့ ၁၆ မိနစ်ကြာတယ်။ ဒီအတိုင်းဆိုရင်တော့ နည်းနည်းအချိန်ထိခိုက်နိုင်တဲ့သဘောရှိပါတယ်။ မေးတဲ့နေရာမှာလည်း ဦးခင်မောင်ရည်က စာရေးဆရာ၊ ဒါရိုက်တာဖြစ်တဲ့အတွက် ခုနရုပ်ရှင်ကိစ္စနဲ့ပတ်သက်လို့၊ ဗွီဒီယိုအခန်းနဲ့ပတ်သက်လို့ သိလိုတာဖြစ်ပါတယ်။ တစ်ဖက်ကလည်းတစ်ချို့ထောက်ပြတဲ့ သဘောလေးလည်းပါပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း အသေးစိတ်ရှင်းပြတဲ့အတွက် လောလောဆယ်တော့ နှစ်ဦးနှစ်ဖက်နားလည်သွားပြီလို့ပဲယူဆပါတယ်။ ဆက်လက်ပြီး ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အားလုံးဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမယ့်မေးခွန်းကတော့ ဒီအမေးနဲ့ပတ်သက်လို့ အချိန်ကာလသတ်မှတ်ချက် ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးအတွက် မီးလင်းရေးကိစ္စ၊ သဘာဝဓာတ်ငွေ့အသုံးပြုမှု လုံလောက်ပြီးစီးသည့်နောက်ပိုင်း ကမ်းလွန်မှ ရောင်းချနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းရှိစက်မှုလုပ်ငန်းများမှာ အထူးသဖြင့်တော့ ဘိလပ်မြေစက်ရုံများ အပါအဝင်အားလုံးအတွက် ဒီကမ်းလွန်သဘာဝဓာတ်ငွေ့များ သွယ်တန်းရောင်းချနိုင်ခြင်း ရှိ၊ မရှိနဲ့ ငွေကြေးဘဏ္ဍာအခွန်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများ ၂၀၁၅ ခုနှစ်မှာ AFTA ဆောင်ရွက်ရမည်ဖြစ်သဖြင့် အကာကွယ်ပေးမှု၊ ဖြေလျှော့ပေးနိုင်မှု အခြေအနေရှိ၊မရှိနဲ့ပတ်သက်လို့ ကျွန်တော်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီသဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့တော့ အချိန်ကန့်သတ်ချက် လေးတစ်ခုရှိပါတယ်။ ဒီသဘာဝဓာတ်ငွေ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ပေးဖို့ဆိုတာဟာ ဒီနေ့ နိုင်ငံတော်မှ စွမ်းအင် အထူးသဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ တိုင်းနှင့်ပြည်နယ်များ၊ ပြည်သူ၊ ပြည်သားများအတွက် အဓိကကျတဲ့နေရာများမှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးနေတာကိုလည်းသိရှိရပါတယ်။ ဒီလိုဆောင်ရွက်ပေးလို့ ပိုလျှံတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့သဘာဝဓာတ်ငွေ့ကို ရောင်းချနိုင်ခြင်း ရှိ၊ မရှိ ဆိုတာကို ကျွန်တော်တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၅ ခုနှစ်မှာ AFTA ကိုခံစားရတော့မှာဖြစ်လို့ ယှဉ်ပြိုင်ရပါတော့မယ်။ ဒီအတွက်လည်း ကျွန်တော်မေးခွန်းမေးဖူးပါတယ်။ ဒါ့အတွက်လည်း နိုင်ငံတော်ကဆောင်ရွက်နေကြောင်း၊ အသိပေးဆောင်ရွက်နေကြောင်းကို သိရှိရပါတယ်။ သို့သော်လည်းပဲ စက်မှုကဏ္ဍပိုင်းအတွက်တော့ တိတိကျကျ ကာကွယ်ဖို့လုပ်ဆောင်နေတာကို လက်လှမ်းမီသရွေ့တော့ မတွေ့ရသေးပါဘူး။ အချို့စက်မှုကဏ္ဍများမှာဆိုရင်လည်း ဒီနေ့တိုင် အခိုက်အတန့်ဒုက္ခရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်ထဲက တစ်ချက်ဖြစ်တဲ့ စက်မှုကဏ္ဍအပိုင်းတိုးတက်ဖို့ဆိုရင် နိုင်ငံတော်မှ မကူညီဘဲ ကျွန်တော်တို့ ဘယ်လိုမှမရနိုင်ပါဘူး။ နိုင်ငံတော်မှကူညီမှသာ ငွေအား၊ လူအား နည်းပညာအားနဲ့ ကူညီမှသာလျှင် ရနိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ပေးဖို့ နောက်ဆုံးအဆင့်လိုအပ်ရင်တောင် နိုင်ငံတော်အနေနဲ့ **စက်စပီဒိုက်** လုပ်ပေးဖို့ ဒါလိုအပ်လာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်ကာလမှာ ကျွန်တော်တို့ AFTA ရောက်လာမှာ ဖြစ်တဲ့အတွက် ဒီအချိန်မှာ ကျွန်တော်တို့က သူများနဲ့ယှဉ်ပြိုင်ရတဲ့အခါမှာ နိုင်ငံတော်

က ကျွန်တော်တို့ စက်မှုလုပ်ငန်းတွေကို အားပေးဖို့လိုပါတယ်။ အဲဒီလို အားပေးတဲ့အခါမှာ ခုနက တင်ပြသလိုပဲ Incentive ပုံစံနဲ့ဖြစ်ဖြစ်၊ Production ပုံစံနဲ့ပဲဖြစ်ဖြစ် ဆောင်ရွက်ပေးသွားဖို့ ကျွန်တော်တို့ လိုအပ်မှာဖြစ်ပါတယ်။ အထူးသဖြင့် လိုအပ်လာလို့ရှိရင် ကျွန်တော်တို့ စက်မှုထွက်ကုန်ပစ္စည်းများအတွက် Export Incentive ပေးဖို့လိုပါမယ်။ တရုပ်ပြည်မှာဆိုရင် Export Incentive ဆိုတာ ယခင်ကရှိခဲ့ပါတယ်။ ကျွန်တော်တို့ Export ပို့တိုင်းပို့တိုင်း နိုင်ငံတော်က ထပ်ဆောင်းပေးတယ်ဆိုတဲ့သဘောမျိုး ဒါဆောင်ရွက်ခဲ့တာဟာ ကျွန်တော်တို့ရဲ့ Export ကို တွန်းအားပေး ဆောင်ရွက်ခွင့်ပြုပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒါတွေလိုအပ်ဖို့ဆိုရင် ကျွန်တော်တို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းကလည်း ဈေးနှုန်းလျော့နည်းဖို့၊ ထုတ်လုပ်မှု ကုန်ကျစရိတ် လျော့နည်းဖို့လိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ဒီနေ့ မြန်မာနိုင်ငံမှာ ပြင်ပကနေပြီးတော့ တင်သွင်းနေတဲ့ဘိလပ်မြေဟာ တန်ချိန်သိန်းသန်းချီပြီးတော့ ကျွန်တော်တို့ ရှိနေပါတယ်။ ဒါတွေဟာဆိုရင် ပြည်တွင်းစက်ရုံများ တည်ဆောက်လာမယ်ဆို့လို့ရှိရင် ဒါတွေကို ကျွန်တော်တို့ ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဘိလပ်မြေစက်ရုံများအတွက် သဘာဝဓာတ်ငွေ့များပိုလို့ ပေးနိုင်ခဲ့မယ်ဆိုရင် ဈေးနှုန်းဟာ ခေါက်ချိုးမကကျသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ မြန်မာနိုင်ငံမှာသုံးနေတဲ့ ကျောက်မီးသွေးဟာ ဆိုလို့ရှိရင် အများအားဖြင့် ကလေးဝကျောက်မီးသွေးမှအပ ကျန်တဲ့ကျောက်မီးသွေးတွေဟာ အဆင့်အတန်း မမီပါဘူး။ ဘိလပ်မြေသုံးဖို့ဆိုရင် ကျွန်တော်တို့စွမ်းအား၊ စွမ်းအင်ဟာ ဒီကယ်လိုရီအနေနဲ့ ၅၀၀၀ ကျော် လိုပါတယ်။ ဒါပေမယ့်လို့ ဒီနေ့သုံးနေရတဲ့ ကျောက်မီးသွေးတွေဟာ ၃၀၀၀ ကျော်ဖြစ်တဲ့အတွက် ဘိလပ်မြေ တစ်တန်ထွက်ဖို့ဆိုရင် ကျောက်မီးသွေးက ဒသမ ၄ တန်လောက်သုံးနေရတဲ့သဘောရှိပါတယ်။ ဒါကြောင့် ကုန်ထုတ်လုပ်မှုစရိတ်မှာ လည်းမြင့်မားသလို သဘာဝပတ်ဝန်းကျင်ကိုလည်းထိခိုက်တာတွေ့ရသလို ဒါ့ကြောင့် ကျွန်တော်တို့က သဘာဝဓာတ်ငွေ့နဲ့ပတ်သက်လို့ ရောင်းချနိုင်ခြင်း ရှိ၊ မရှိဆိုတာ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီ သဘာဝဓာတ်ငွေ့ရောင်းချနိုင်ခြင်း ရှိ၊ မရှိဆိုတာဟာလည်းပဲ ကျွန်တော်တို့က ကမ်းလွန်သဘာဝဓာတ်ငွေ့က နိုင်ငံခြားကိုအခုရောင်းချနေတဲ့ သဘာဝဓာတ်ငွေ့ထဲကနေပြီးတော့ နိုင်ငံခြားငွေနဲ့ဘဲ ပေးပြီးတော့ဝယ်ရင်ကော ကျွန်တော်တို့ မရနိုင်ဘူးလားဆိုတာတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ထို့အတူပဲ ဒီ AFTA လာမှာ ဖြစ်တဲ့အတွက် ဒီအချိန်မှာ ကျွန်တော်တို့က ကျန်တဲ့နိုင်ငံတွေက သွင်းမယ့် ဘိလပ်မြေကိုမလာခင် ကျွန်တော်တို့ဆီက ထုတ်လုပ်နိုင်မှုတွေရှိတယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ဒီသွင်းလာတဲ့ဘိလပ်မြေတွေကို အခွန်အကောက်တိုးမြှင့်ကောက်ခံခြင်းဖြင့် ကျွန်တော်တို့ရဲ့ ဘိလပ်မြေလုပ်ငန်းတွေ တခြားစက်မှုလုပ်ငန်းတွေကို ကျွန်တော်တို့ ကာကွယ်ပေးရာရောက်ပါတယ်။ အဲဒီလိုကော လုပ်မပေးနိုင်ဘူး

လားဆိုတာကို ကျွန်တော်တို့ ဒါလေးတင်ပြသွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ လိုအပ်နေတဲ့အရာတွေဖြစ်တဲ့ စက်မှုလုပ်ငန်းများ မီးလင်းရေးကိစ္စများမှာ တတ်နိုင်သမျှဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ပေးသင့်ပါတယ်။ ပြည်သူအတွက်လည်း ဦးစားပေးမဖြစ်မနေ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အဲဒီလိုအပ်တဲ့အပေါ်မှာလည်းပဲ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ အတတ်နိုင်ဆုံးဆောင်ရွက်ပေးနေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ အများနဲ့လုပ်ရတဲ့အတွက် အခက်အခဲရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရှိပါတယ်။ ဒါ့ကြောင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဖြေရှင်းဆောင်ရွက်သင့်တယ် ဆိုတာကို အခုကတည်းက ကျွန်တော်တို့ စဉ်းစားပြီးတော့ ကျွန်တော်တို့တတွေအားလုံးသိရှိအောင် Plan လေးကို ဘယ်တော့မှာ ဘယ်လိုရနိုင်တယ်ဆိုတဲ့ Plan လေးလည်းပြောကြားမယ်ဆိုရင် ပြည်သူလူထုအနေနဲ့ အထူးဝမ်းသာမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား အထူးသဖြင့် မီးရရှိရေးအတွက် လုံလောက်ပြီးတဲ့နောက်ပိုင်းမှာ စက်မှုလုပ်ငန်းများအတွက်လည်းပဲ ခေတ်ဘယ်အချိန်ကာလတစ်ခုမှာ ရဖို့သေချာတယ်ဆိုရင် ၎င်းရမယ့်အချိန်မှာရည်မှန်းပြီးတော့ ယခုကတည်းက စက်မှုလုပ်ငန်းများ တိုးချဲ့တည်ဆောက်ဖို့ကိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဥပမာတစ်ခု စက်မှုလုပ်ငန်းနဲ့ ပြရမယ်ဆိုရင် ဥပမာ-ဘိလပ်မြေစက်ရုံတစ်ရုံတည်ဆောက်ဖို့ဆိုလို့ရှိရင် Implementation Stage ကနေပြီးတော့ စက်ရုံပြီးတဲ့အထိက နှစ်နှစ်ခွဲမှ သုံးနှစ်ကြာပါတယ်။ ကျွန်တော်တို့ ကဘယ်နေရာ ဘယ်ဒေသတွေမှာ ဂက်စ်တွေရမယ်ဆိုလို့ရှိရင် နောင်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ရည်မှန်းပြီးတော့ စက်ရုံကိုကြိုတင်ပြီးတော့ ဂက်စ်ရမယ့်အချိန်နဲ့ကိုက်ပြီးတော့ ဆောက်နိုင်မှာဖြစ်တဲ့အတွက် အချိန်ဇယားလေးလည်း ထုတ်ပြန်ပေးသင့်ပါတယ်လို့ ဒီနေရာမှာ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါမှလည်းပဲ စက်မှုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေအတွက် ကြိုတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ရှိလာနိုင်တဲ့ အခက်အခဲများကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေလျော့နိုင်သရွေ့ ဖြေလျော့ပေးနိုင် အောင်လုပ်သင့်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်မေးမယ့်၊ တင်ပြမယ့်မေးခွန်းကတော့ စက္ကူစက်ရုံများ၊ စက်မှုလုပ်ငန်းများ၊ ဘိလပ်မြေစက်ရုံများလောင်စာဖြစ်တဲ့ သဘာဝဓာတ်ငွေ့ပေးဖို့ အစီအစဉ်ရှိ၊မရှိ။ ဘိလပ်မြေစက်ရုံများမှာ ယခင်ကျောက်မီးသွေးနဲ့လည်ပတ်၍ ထုတ်လုပ်မှုစရိတ်များ နေရခြင်း၊ နှစ်ဆဖြစ်နေရခြင်းဖြစ်ပါတယ်။ ယခုတော့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ လျော့နည်းနေကြောင်း ကုန်တွင်းမှမပေးနိုင်သေးကြောင်း သိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ကမ်းလွန်သဘာဓာတ်ငွေ့ကို အားလုံးပြီးပြည့်စုံပြီးတဲ့အချိန်မှာ နိုင်ငံခြားငွေနဲ့ ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ ဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့

ပေးပို့ဖို့၊ ရောင်းချဖို့ အစီအစဉ်မရှိသေးရင်လည်းပဲ ကုန်းတွင်းသဘာဝဓာတ်ငွေ့ သာမကဘဲ ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ရောင်းချမည့်အစား ပြည်တွင်းဦးစားပေး နိုင်ငံခြားငွေနဲ့ဖြစ်ဖြစ်ရောင်းလို့ရ၊ မရ သိလိုပါတယ်။

နောက်တစ်ချက်က အလားတူပဲ အခြားလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှာ ကျရောက်တော့မယ့် AFTA ကိုကြိုတင်ကာကွယ်သောအားဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ကာကွယ်ပေးမှုနဲ့ ငွေကြေးဈေးငှားထောက်ပံ့မှုနည်းလမ်း ညွှန်ကြားချက်ဖြေလျှော့မှုများကို မည်သည့်အဆင့်အထိ လျှော့ပေးနိုင်ပါမည်လဲ သိလိုပါကြောင်း ကျွန်တော်မေးခွန်းမေး၍ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ဒီနေ့ ဒီနေရာမှာ မေးတဲ့မေးခွန်းကို ကျွန်တော် ဩဂုတ်လ ၂၂ ရက်နေ့က တင်ထားခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမေးခွန်းမမေးခင်မှာ ကျွန်တော်နည်းနည်းလေးလောက် ဒီမေးခွန်းမေးရတဲ့အကြောင်းရင်းနဲ့ပတ်သက်ပြီး ပြောချင်ပါတယ်။ ကျွန်တော်တို့အခုဆိုရင်စက်မှုလက်မှုလုပ်ငန်းတွေလည်း တိုးတက်နေတယ်။ ဒီဟာတွေအတွက် တိုးတက်အောင်လည်း ဈေးကွက်စီးပွားရေးစနစ်ကိုတည်ဆောက်နေတယ်။ ဒီလိုဖြစ်နေတဲ့အခါမှာ စက်သုံးဆီဓာတ်ဆီ၊ ဒီဇယ်ဆီတွေနဲ့ ပုဂ္ဂလိကဆိုင်တွေ ဖွင့်ပေးပြီးတဲ့အခါကျတော့ ရောင်းချပေးနေတာတွေလည်းရှိနေပါတယ်။ အခုတော့ ဒါပေမယ့်လို့ စက်သုံးဆီပေးတဲ့ဒီဇယ်ကတော့ဈေးနှုန်းက ရန်ကုန်ကနေပြီးတော့ မြို့ကြီးတွေနဲ့နယ်နဲ့ကွာဟမှု သိပ်မကွာပါဘူး။ အများဆုံးကွာရင် ၁၀၀၊ ၂၀၀ အောက်တိန်းကလည်း ဒီအတိုင်းပါပဲ။ ဒါပေမယ့် ဓာတ်ဆီမှာကျတော့ ဓာတ်ဆီက အစိုးရဈေးနှုန်းက ၂၅၀၀ ကျပ် တစ်ဂါလံကို နယ်တွေမှာဟိုဟာဖြစ်တဲ့အခါကျတော့ ၄၂၀၀ ကျပ်၊ ၄၃၀၀ ကျပ် ဒီလိုအထိအောင်ဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း ပုဂ္ဂလိကဆိုင်တွေကို ကျွန်တော်တို့ ချပေးလိုက်တာ ပုဂ္ဂလိကဆိုင်အနေနဲ့လည်း ဆိုင်ကြီးတွေမှာ၊ နယ်တွေမှာတွေ့နေပါပြီ။ ဒါပေမယ့်လို့ တကယ်လိုအပ်တဲ့၊ သုံးစွဲသူလိုအပ်တဲ့၊ ပြည့်မီအောင်မပေးနိုင်တဲ့အပိုင်းဖြစ်နေပါတယ်။ ဒါတွေကိုလည်း တွေ့နေရတဲ့အပိုင်းမှာ နောက်ထပ် နယ်မြို့တွေမှာ ချောမွေ့စွာပေးနိုင်အောင်လို့ နောက်ထပ်ဆိုင်တွေကို လွယ်လွယ်ကူကူနဲ့တိုးချဲ့ပြီးတော့ကျတော့ ပေးနိုင်မှုအတွက် ကျွန်တော်ဒီဟာကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဘာဖြစ်လည်းဆိုတော့ ဒီဆိုင်တွေဖွင့်ဖို့အတွက် တင်တဲ့အခါမှာလည်း အခက်အခဲလေးတွေ တော်တော်များများတွေ့ရတယ်လို့ ဆိုပါ

တယ်။ ကျွန်တော် သိသလောက် ဆိုင်အနေနဲ့ကလည်း ကျွန်တော်လေ့လာလို့ရသလောက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ သူများနိုင်ငံတွေထက်စာရင် ဆိုင်ဖွင့်ပေးတဲ့ ပုဂ္ဂလိကဆိုင်အရေအတွက်က အများကြီးကို နည်းပါသေးတယ်လို့ ကျွန်တော်တွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ခုကျွန်တော် ဒီမေးတဲ့မေးခွန်းက ယခုအခါမှာ ပုဂ္ဂလိကရောင်းချနေသောဓာတ်ဆီနဲ့ ဒီဇယ်ဆိုင်များပေါ်ပေါက်လာခဲ့သော်လည်း၊ ဓာတ်ဆီ ဝယ်ယူလိုသည့်ကားများမှာ ယခင်စနစ်ဟောင်းကာလကဲ့သို့ ခွဲတမ်းစနစ်ဖြင့် သတ်မှတ် အရေအတွက်ကိုသာ ဝယ်ယူနေရဆဲဖြစ်နေသည်ကိုတွေ့ရှိ နေရပါတယ်။ ယခုအခါနိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန်အရှိန်ယူဆဲကာလတွင် ပုဂ္ဂလိကစွမ်းအင်အရောင်းဆိုင်များမှ ပြည်သူများအတွက် ဈေးကွက်တောင်းဆိုသည့်ဝယ်လိုအား အတိုင်းလွတ်လပ်စွာဝယ်ယူရရှိရန် အထူးလိုအပ်ပါသည်။ အထူးသဖြင့် စီးပွားရေးမြို့တော်ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မုံရွာနဲ့ အခြားမြို့ကြီးများတွင် စီးပွားရေးလုပ်ငန်း အခြေချလုပ်ကိုင်နေကြရာ လောင်စာဆီလိုအပ်ချက် မြင့်မားနေမည်သာဖြစ်ပါတယ်။ ထို့အပြင် ပြည်တွင်းတွင် ချက်လုပ်သည့် ဓာတ်ဆီပမာဏဖြင့် နိုင်ငံ၏နေ့စဉ်လိုအပ်ချက်ကို ပြည့်မီအောင် ရောင်းချပေးနိုင်ရန်အတွက် ကျွန်တော် အောက်ပါမေးခွန်းသုံးခုကို ကျွန်တော်မေးပါမယ်။ (၁) စွမ်းအင် အရောင်းဆိုင်များကို မြို့တိုင်းတွင် ပြိုင်ဆိုင်ရောင်းချနိုင်ရေးအတွက် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ (၂)မရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်ပါမည်လည်း။ (၃) မဆောင်ရွက်နိုင်ပါကအဘယ့်ကြောင့်ပါလဲဆိုတာကို ကျွန်တော်မေးခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းနှစ်ခု ဖြစ်ပါတယ်။ ပထမဦးဆုံး ဦးအေးမောက် မေးတဲ့မေးခွန်းမှာလည်းပဲ အပိုင်းနှစ်ပိုင်းပါပါတယ်။ ကျွန်တော့်စွမ်းအင်ဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့အပိုင်းတစ်ပိုင်း၊ နောက် စီမံစီးပွားနဲ့ဘဏ္ဍာအခွန်ဝန်ကြီးဌာနတို့နဲ့ ပတ်သက်တဲ့အပိုင်းတစ်ပိုင်းပါပါတယ်။ ပထမဦးဆုံး စွမ်းအင်ဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့အပိုင်းကို ဦးစွာဖြေကြားပါမယ်။ ဒီကနေ့ မြန်မာနိုင်ငံရဲ့စွမ်းအင်ကဏ္ဍမှာ အဓိကအရေးကြီးတဲ့ လောင်စာဆီ၊ ဒီဇယ်၊ ဓာတ်ဆီနဲ့ သဘာဝဓာတ်ငွေ့ စွမ်းအင်ဝန်ကြီးဌာနကပဲ အဓိကတာဝန်ယူပြီးတော့ ဖြန့်ဖြူးပါတယ်။ အခုမေးခွန်းမှာပါတဲ့ သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ယက်ကို မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၊ ကန်ဘောက်ဒေသကနေစပြီးတော့ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းအထိ၊

ရှမ်းပြည်နယ်၊ ပင်းပက်ဒေသအထိ ပိုက်လိုင်းအရှည် မိုင်ပေါင်း ၂၀၈၅.၅၇ ပိုက်လိုင်း Network တည်ဆောက်ပြီးတော့ သဘာဝဓာတ်ငွေ့တွေကို ဖြန့်ဖြူးပေးနေပါတယ်။ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍ အားလုံးကို အဲဒီလောက်နဲ့မူလရရှိထားတဲ့ သဘာဝဓာတ်ငွေ့နဲ့ နောက်တစ်ခါကုန်းတွင်းကထွက်တဲ့ ဓာတ်ငွေ့နဲ့ မလုံလောက်သေးတဲ့အတွက် လွန်ခဲ့တဲ့နှစ်နှစ်လောက်မှာ ရတနာသဘာဝဓာတ်ငွေ့ပလက်ဖောင်း ကနေပြီးတော့ ရန်ကုန်ထိမိုင် ၁၈၀ ထိနောက်ထပ်ပိုက်လိုင်းထပ်သွယ်ပြီးတော့ နောက်ထပ် ကမ်းလွန်က နေပြီးတော့ ကုဗပေသန်း ၁၀၀ တိုးမြင့်ရယူပြီးတော့ ကျွန်တော်တို့ဖြန့်ဖြူးပေးခဲ့ပါတယ်။ အဲဒါကြောင့် ဒီကနေ့ နိုင်ငံတော်မှာနိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍ၊ စက်မှုလုပ်ငန်းများအတွက် ဖြန့်ဖြူးပေးနိုင်တဲ့ ဓာတ်ငွေ့ ပမာဏဟာ စုစုပေါင်းကုန်းတွင်းကတော့ ပျမ်းမျှတစ်နေ့ကိုကုဗပေသန်း ၇၀ လောက်ထွက်ပါတယ်။ ကမ်းလွန်ကတော့ ကုဗပေသန်း ၂၀၀ ရယူဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ တကယ်လက်တွေ့ လိုအပ်နေတဲ့ Consumption က တစ်နိုင်ငံလုံးမှာ တစ်နေ့ကို ကုဗပေသန်းပေါင်း ၅၀၀ ကျော်ရှိပါတယ်။ ဒီအထဲမှာမှ ကျွန်တော်တို့ ဖြန့်ဖြူးပေးနိုင်တာဟာ သန်းပေါင်း ၂၅၀၊ ၂၆၀ ဒီလောက်ပဲဖြစ်တဲ့အတွက် လိုအပ်ချက်ရဲ့တစ်နိုင်ငံလုံးလိုအပ်ချက်ရဲ့ ၄၂ ရာခိုင်နှုန်းကိုပဲ ဒီကနေ့ဖြန့်ဖြူးပေးနိုင်ပါတယ်။ ဒီအထဲမှာပဲ ဒီသဘာဝဓာတ်ငွေ့ကိုအကြောင်းပြုပြီးတော့ လိုချင်တဲ့၊ သုံးချင်တဲ့ဒေသအများအပြား၊ သုံးလိုသော ရည်ရွယ်ချက် အများအပြားရှိတဲ့အတွက် လွှတ်တော်မှာပဲ မေးခွန်းမြောက်မြားစွာ ကျွန်တော်တို့ ဖြေကြား နေရတာရှိပါတယ်။ ဒီမှာအခုဖြန့်ဖြူးပေးတဲ့ ၄၂ ရာခိုင်နှုန်းကို ပုဂ္ဂလိကနဲ့ အစိုးရကဏ္ဍပြန်ပြီးတော့ ခွဲလိုက်လို့ရှိရင် နိုင်ငံပိုင်ကဏ္ဍကို ၄၀ ရာခိုင်နှုန်းလောက်ပဲ ဖြန့်ဖြူးပေးနိုင်ပြီးတော့ ပုဂ္ဂလိကပိုင်ကဏ္ဍကို ဒီနေ့အထိ ၁ ရာခိုင်နှုန်းလောက်ပဲ လိုအပ်ချက်ရဲ့ ၁ ရာခိုင်နှုန်းလောက်ကိုပဲ ကျွန်တော်တို့ဖြန့်ဖြူးပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ အဲဒီတော့လက်ရှိကုဗပေ သန်း ၂၅၀၊ ၂၆၀ လောက်ကနေပြီးတော့ နောက်ထပ် ဘယ်လောက်တိုးပြီးတော့ ဖြန့်ဖြူးပေးနိုင်မလဲဆိုတဲ့ ရှေ့ရည်မှန်းချက်ကိုကြည့်လိုက်တဲ့အခါမှာ ၂၀၁၃ ခုနှစ် မှာ နောက်ထပ်ဇောတိက Project ကနေ ပြီးတော့ ကုဗပေသန်း ၆၀၊ ကမ်းလွန်ဓာတ်ငွေ့ထပ်ပြီးရပါမယ်။ အလားတူပဲ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းကနေ ကုဗပေသန်း ၁၀၀ ထပ်ပြီးရပါ့မယ်။ အဲဒါကြောင့် အဲဒီအချိန်မှာ ၂၀၁၃ ခုနှစ်မှာ နောက်ထပ်သေချာပေါက် ရမှာက ကမ်းလွန်ကနေ ကုဗပေ သန်း ၁၆၀ ဖြစ်ပါတယ်။ အဲဒီသန်း ၁၆၀ နဲ့ လက်ရှိကျွန်တော်တို့သန်း ၂၄၀ နဲ့ ၂၅၀ လောက်နဲ့ ပေါင်းလို့ရှိရင် သန်း ၄၀၀ လောက်ပဲ ၂၀၁၃ ခုနှစ်မှာ ဖြန့်ဖြူးနိုင်အုံးမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ တစ်နိုင်ငံလုံးမှာဖြစ်လာမယ့် လိုအပ်ချက်ဟာ ကျွန်တော်တို့ရဲ့ခန့်မှန်းတွက်ချက်မှုအရ ကုဗပေသန်း ၇၀၀ ကျော်လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အဲဒီအချိန်မှာပင်လျှင် လိုအပ်ချက်နဲ့ကျွန်တော်တို့ရဲ့ ထောက်ပံ့ပေးနိုင်မယ့်ပမာဏဟာ ကွာဟနေအုံးမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနေရာမှာတော် တော်များများမေးခွန်းတွေ မေးနေကြတဲ့ ကျွန်တော်တို့ ကမ်းလွန်မှာ သဘာဝဓာတ်ငွေ့တွေအမြောက် အများထွက်ရှိလျက်သားနဲ့ စောစောက ဦးအေးမောက်မေးသွားတဲ့ အထဲမှာလည်းပါပါတယ်။ ဒါကို နိုင်ငံခြားကိုထုတ်ရောင်းနေမယ့်အစား ပြည်တွင်းမှာရှိတဲ့လုပ်ငန်းတွေသုံးရင် မကောင်းဘူးလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဒီကနေ့နိုင်ငံတော်က နေပြီးတော့ ကမ်းလွန်သဘာဝဓာတ်ငွေ့အမြောက်အမြား နိုင်ငံခြားကို ထုတ်ရောင်းနေတာမှန်ပါတယ်။ နိုင်ငံတော်အတွက် ဝင်ငွေအများဆုံးလည်းပဲ ဒီကပဲရှာပေးနေပါတယ်။ သို့သော်လည်းပဲ အဲဒီလို အဲဒီ အချိန်တုန်းက ပြည်ပကိုထုတ်ရောင်းဖို့ ဆုံးဖြတ်ချက် ဘယ်လိုဖြစ်လာလည်းဆိုတဲ့ဟာလေးကို ဒီနေရာမှာ ကျွန်တော်အခွင့်ကြုံတဲ့အတွက် ရှင်းလင်းချင်ပါတယ်။ ဒါကိုမရှင်းလင်းရင်လည်းပဲ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့စိတ်ထဲမှာ ကိုယ့်မှာရှိနေရက်နဲ့ပဲ ပြည်ပကိုပဲထုတ်ရောင်းနေတယ်။ ပြည်တွင်းကို လစ်လျူရှုထားတယ်ဆိုတဲ့အမြင်မျိုး ဖြစ်နိုင်ပါတယ်။ အဲဒီတော့တင်ပြရလို့ရှိရင် ဒီနေ့အများဆုံးထုတ်လုပ်ပြီး နိုင်ငံခြားကိုရောင်းနေတဲ့ ရတနာသဘာဝဓာတ်ငွေ့မြေဟာ ၁၉၈၁ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက ကိုယ်တိုင်စပြီးတော့ တွေ့ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့မှာ ကမ်းလွန်တွင်းတူးစက် ကိုယ်ပိုင်ရှိပါတယ်။ ဒီဟာနဲ့ရှာဖွေစမ်းသပ်တဲ့အခါမှာ အဲဒီနေရာမှာ သဘာဝဓာတ်ငွေ့ အမြောက်အမြားတွေ့ပါတယ်။ သို့သော်အဲဒီအချိန်ကာလတုန်းက တိုင်းပြည်တွင်းမှာ သဘာဝဓာတ်ငွေ့ကို သုံးတဲ့စက်မှု လုပ်ငန်းအခြေခံ ဘာတစ်ခုမှမရှိပါဘူး။ ဘယ်လောက်ထိအောင် ကျွန်တော်တို့ရဲ့အခြေအနေဟာ Technology နိမ့်ကျသလဲဆိုရင် ပြည်တွင်းမှာရှိတဲ့ ကုန်းတွင်းသဘာဝရေနံနဲ့ သဘာဝဓာတ်ငွေ့မြေတွေ မှာလည်းပဲ ထွက်လာတဲ့သဘာဝဓာတ်ငွေ့တွေ နောက်တစ်ခါရေနံနဲ့တွဲပြီးထွက်လာတဲ့ associated gas ခေါ်ပါတယ်။ ပူးတွဲပြီးထွက်လာတဲ့ သဘာဝဓာတ်ငွေ့တွေ အဲဒီဟာတွေကို ကျွန်တော်တို့အသုံးမချနိုင် တဲ့အတွက် ဒီအတိုင်းမီးရှို့ပစ်နေရတာတို့၊ ရေနံချောင်းတို့၊ ချောက်တို့ ဒေသကလူတွေအားလုံးသိပါ တယ်။ ဒါ့ကြောင့် ကျွန်တော်တို့တွေ့တဲ့ သဘာဝဓာတ်ငွေ့ကို ၁၉၈၁ ပတ်ဝန်းကျင်မှာ Infrastructure မရှိသေးတဲ့အတွက် ထုတ်ပြီးတော့သုံးနိုင်ခြင်းမရှိပါဘူး။ အဲဒါကိုထုတ်သုံးဖို့အတွက် အဲဒီအချိန်တုန်းက ကမ္ဘာ့ဘဏ်နဲ့ပေါင်းပြီးတော့ ကျွန်တော်တို့ထုတ်သုံးဖို့စီမံခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အကြောင်းကြောင်းတွေကြောင့်အဆင်မပြေခဲ့ပါဘူး။ နောက်ပိုင်းတပ်မတော်အစိုးရတက်လာတဲ့အခါမှာ ကမ်းလွန်လုပ်ငန်းတွေမှာ နိုင်ငံတကာက ကိုယ်ချည်းပဲလည်းပဲနည်းပညာလည်းမရှိဘူး။ အရင်းအနှီးလည်း

မရှိဘူး။ ဒီအတွက် နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဖိတ်ခေါ်ပြီးတော့မှ သူတို့ရဲ့အရင်းအနှီးတွေနဲ့ပေါင်း၊ သူတို့ရဲ့နည်းပညာတွေ နဲ့ပေါင်း၊ ဒါတွေပေါင်းပြီးတော့ ကျွန်တော်တို့ ရှာဖွေဖော်ထုတ်လိုက်တဲ့အခါမှာ အခုတင်ပြတဲ့ရေနံ သဘာဝဓာတ်ငွေ့မှာ သဘာဝဓာတ်ငွေ့ဘယ်လောက်ရှိတယ်ဆိုတာကို ကောင်းကောင်းအတည်ပြုနိုင်ခဲ့ပါတယ်။ အလားတူပဲ ရဲတံခွန်မှာလည်းပဲ ဒီနေ့အင်မတန်ကြီးမားတဲ့ Reserver ကြီးတွေ့ပါတယ်။ တွေ့သောအခါမှာစပြီး လုပ်ရတဲ့လုပ်ငန်းကိုက ကိုယ့်မှာအရင်းအနှီးမရှိတဲ့အတွက် နိုင်ငံခြားနဲ့ပေါင်းရတာဖြစ်တဲ့အတွက် သူတို့ရဲ့အရင်းအနှီးတွေထည့်ရပါတယ်။ မိမိရဲ့ပိုင်ဆိုင်မှုဟာအချိုး တစ်ခုပဲရှိပါတယ်။ နောက်တစ်ခါ ဒီလိုအရင်းအနှီးထည့်ဖို့အတွက် ဘယ်ကမှငွေကြေးအကူအညီ၊ ဘယ်နိုင်ငံတကာအဖွဲ့အစည်းကမှမရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာအဲဒီအချိန်မှာ နိုင်ငံတကာပုဂ္ဂလိက အဖွဲ့အစည်းတွေကပဲ ငွေကိုရအောင်သွားရှာပြီးတော့ အဲဒီဟာတွေကို အတိုးနဲ့ချေးရပါတယ်။ အတိုးနဲ့ချေးပြီးတော့မှ ကျွန်တော်တို့ရဲ့ အရင်းအနှီးကိုထည့်ရပါတယ်။ ဒါ့ကြောင့် အဲဒီကနေထွက်လာလို့ ပြန်ပြီးတော့ရမယ့်အကျိုးအမြတ်ဟာလည်း ကျွန်တော်တို့မှာအထိုက်အလျောက်ပဲရပါတယ်။ နောက်တစ်ခုက ဒီကထွက်လာတဲ့သဘာဝဓာတ်ငွေ့ကို ဘယ်လိုနည်းနဲ့ပြန်ပြီးတော့ ပိုက်ဆံရအောင်လုပ်ရမလဲလို့ စဉ်းစားသောအခါမှာကျွန်တော်တို့ သဘောတစ်ခုထဲနဲ့ ဆုံးဖြတ်လို့မရပါဘူး။ ခုန အရင်းအနှီး တွေထည့်ဝင်ထားတဲ့ Technology တွေထည့်ဝင်ထားတဲ့ ရာခိုင်နှုန်းအများဆုံးပါဝင်တဲ့ပုဂ္ဂိုလ်တွေရဲ့ သဘောထားနဲ့ သူတို့ရဲ့ပြန်ရချက်တွေကိုလည်း စဉ်းစားရတဲ့အခါမှာ ဒီလောက်များများ ထုတ်ရောင်းရမယ့် သဘာဝဓာတ်ငွေ့ကို ကိုယ့်မှာလည်းပဲသုံးဖို့အခြေခံမရှိသေးတာတစ်ကြောင်း နောက်တစ်ခုကလည်း ချေးထားတဲ့ငွေတွေ၊ အရင်းအနှီးထည့်ထားတဲ့အတိုးတွေ၊ ဒါတွေကို ပြန်ပေးဖို့လိုအပ်နေတာတစ်ကြောင်းဖြစ်တဲ့အတွက် အဲဒီအချိန်မှာ အနီးဆုံးဈေးကွက်ရှိတဲ့ ယိုးဒယားနိုင်ငံကို ပိုက်လိုင်းနဲ့သွယ်တန်းပြီး ရောင်းချခဲ့ခြင်းဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ဒီကနေ့တော့ ကျွန်တော်တို့ရဲ့လက်ထဲမှာ အထိုက်အလျောက် နိုင်ငံခြားငွေအရင်းအနှီးရှိပါပြီ။ အဲဒီတော့ယခင်တုန်းကလုပ်ခဲ့တဲ့ ကမ်းလွန်သဘာဝဓာတ်ငွေ့ Project တွေတော်တော်များများဟာ အကြောင်းကြောင်းတွေကြောင့် ယင်းကဲ့သို့ ပြည်ပကိုထုတ်ရောင်းဖို့ အဆုံးအဖြတ်တွေ လုပ်ခဲ့ရပါတယ်။ ဒါ့ကြောင့်တစ်ဘက်ကလည်းပဲ ကျွန်တော်တို့ဟာ နောင်ထပ်ပြီးတော့ ဖွံ့စည်းပေါ်ပေါက်လာတဲ့ အစိုးရတွေဟာ ယခင်တုန်းကလုပ်ခဲ့တဲ့ စာချုပ်စာတမ်းတွေကို လေးစားလိုက်နာဖို့လိုပါတယ်။ ဒါ့ကြောင့်ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြရလို့ရှိရင် ယခင် တစ်ချိန်တုန်းက ကျွန်တော်တို့ကျောက်ဖြူမဲဆန္ဒနယ်က ဦးဘရှိန်မေးတဲ့မေးခွန်းထဲမှာ ရွှေသဘာဝ ဓာတ်ငွေ့နဲ့ပတ်သက်လို့ ရခိုင်ဒေသမှာလည်းသုံးချင်ပါတယ်။ ကျွန်တော်တို့လည်း မီးလင်း

ချင်တယ်စသည်အားဖြင့် ဒီမေးခွန်းကို ကျွန်တော်ပြန်ပြီးတော့ ဖြေကြားခဲ့စဉ်တုန်းက ကျွန်တော်တို့ လိုက်နာရမယ့်သဘာဝအတိုင်းပဲ ကျွန်တော်တို့ဟာ ချုပ်ဆိုထားတဲ့ နိုင်ငံတကာချုပ်ဆိုထားတဲ့ နှစ်ရှည်စာချုပ် စာတမ်းတွေကို လေးစားလိုက်နာဖို့လိုပါတယ်။ ဒါတွေကိုဆန့်ကျင်ဖို့ အခက်အခဲရှိပါတယ်။ ကျွန်တော် ဒီအတိုင်းပဲ ဖြေခဲ့ပါတယ်။ ဒါတစ်ကယ်လည်း ဒီအတိုင်းပဲလိုက်နာရမှာဖြစ်ပါတယ်။ အဲ့ဒီအထဲကမှ တစ်ကယ်တမ်းကျတော့ ဒေသကလည်းပဲ ဒါအမှန်ပဲလိုအပ်နေတယ်ဆိုတာ ကျွန်တော်တို့လည်းပဲ နားလည်ပါတယ်။ ဒါ့ကြောင့် ဒီမှာကျွန်တော်အလျဉ်းသင့်လို့ ယခင်ကိစ္စကိုပြန်ကောက်ပြီးတင်ပြရရင် ရွှေသဘာဝဓာတ်ငွေ့ဟာ ခုနကျွန်တော်တို့ လိုက်နာရမယ့်စာချုပ်စာတမ်းတွေနဲ့ ကျွန်တော်တို့မှာ ချည်နှောင်ပြီးဖြစ်နေသော်ငြား လည်းပဲ၊ အဲ့ဒီကနေပြီးတော့ သဘာဝဓာတ်ငွေ့အချို့အဝက်ကို ရခိုင်ဒေသအတွက်အသုံးချဖို့ ကျွန်တော် စွမ်းအင်ဝန်ကြီးအနေနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ အဲ့ဒီရဲ့ အလားအလာဟာလည်းပဲ တော်တော်ကို ကောင်းတဲ့အခြေအနေရှိပါတယ်လို့ ဒါလေးလည်း ဒီမှာကျွန်တော် အခွင့်ကြုံလို့တင်ပြလိုပါတယ်။ မနက်ဖြန် ၁၉ ရက်နေ့မှာ ဒေဝူးက Country မန်နေဂျာဟာ ကျွန်တော့်ကိုလာပြီး Presentation လုပ်ပါ့မယ်၊ ဒါကတော့ ခုနစာချုပ်စာတမ်းများကို လေးစားလိုက်နာဖို့နဲ့ပတ်သက်ပြီးတော့ အလျဉ်းသင့်လို့တင်ပြခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့နောက်ဆက်တွဲ အခုဦးအေးမောက်မေးတဲ့ ကျွန်တော်တို့ ဒီလောက်လိုအပ်နေတဲ့ သဘာဝဓာတ်ငွေ့ကိုဘယ်ကရအုံးမလဲ၊ ဘယ်လိုပေးနိုင်အုံးမလဲ။ ဒီအပိုင်းနဲ့ပတ်သက်လို့ စောစောကပြီးခဲ့တဲ့ ကိစ္စတွေကတော့ စာချုပ်စာတမ်းတွေအရ ချည်နှောင်ထားပြီးသားတွေဖြစ်နေတော့ အတတ်နိုင်ဆုံးဒါတွေကို လေးစားလိုက်နာ ရပါမယ်။ သို့သော်လည်းပဲ ဒီနေ့ကျွန်တော်တို့ အစိုးရလက်ထက်မှာ ထပ်ပြီးတော့ တွေ့လာတဲ့ သဘာဝဓာတ်ငွေ့မြေရှိပါတယ်။ အဲဒါသည် ရန်ကုန်မြို့နဲ့အနီးဆုံးဖြစ်တဲ့ ခုနမုတ္တမပင်လယ်အော်၊ လက်ခုပ်ကုန်းကမ်းခြေအလွန်က လုပ်ကွက်မှာ သဘာဝဓာတ်ငွေ့အမြောက်အမြား တွေ့ရှိထားပါတယ်။ ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီကဖြစ်ပါတယ်။ အဲဒါကြောင့် ဒီတစ်ကြိမ်မှာတော့ အဲဒီအဖွဲ့အစည်းမှာ ဒီ Consodium မှာပါတာကလည်းပဲ ယိုးဒယားနဲ့ ကျွန်တော်တို့နဲ့ နှစ်ဖွဲ့ပဲပါပါတယ်။ ဒါ့ကြောင့် အဲဒီမှာစပြီး တွေ့တာနဲ့ ကျွန်တော် ချက်ချင်းသွားပြီးတော့ ဒီတစ်ခါတွေ့တဲ့ ဓာတ်ငွေ့ကတော့ တို့ပဲသုံးတော့မယ်၊ ဘယ်ကိုမှမရောင်းဘူးဆိုတာ ပြောပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလုပ်ကွက်ကထွက်လာတဲ့ သဘာဝဓာတ်ငွေ့တွေဟာ မကြာသောကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လိုအပ်သောနေရာမှာ ဦးစားပေးစဉ်းစားပြီးတော့ ထည့်သွင်းအသုံးပြုသွားဖို့ ရှိပါတယ်လို့ဖြေကြား လိုပါတယ်။ နောက်တစ်ပိုင်းကလည်းပဲ အခု နိုဝင်ဘာ ၁ ရက်နေ့မှာပဲ တင်ဒါ ကျွန်တော်ပိတ်ပါ့မယ်။ အဲဒါက

ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ချည်းပဲလုပ်ဖို့ အကန့်အသတ်ရှိတယ်။ နည်းပညာအကန့်အသတ်ရှိတယ်။ အရင်းအနှီးအကန့်အသတ်ရှိတယ်။ ဒါတွေဖြစ်နေတဲ့ ကုန်းတွင်းပိုင်းလုပ်ကွက် ၁၈ ကွက်နဲ့ ပတ်သက်လို့ နိုင်ငံတကာ International Meeting ခေါ်ထားပါတယ်။ ခေါ်ပြီးပါပြီ။ ခေါ်ပြီးတော့ အဲဒီအဖွဲ့အစည်းတွေ အားလုံးကိုခေါ်ပြီးတော့ လုပ်ငန်းနဲ့ပတ်သက်လို့ ရှင်းလင်းပြီးဖြစ်ပါတယ်။ သူတို့သည် အခု နိုဝင်ဘာ ၁ ရက်နေ့ နောက်ဆုံးထားပြီးတော့ အဲဒီအတွက်အဆိုပြုလွှာတွေ ကျွန်တော့်ဆီကို တင်ရပါ့မယ်။ နိုင်ငံခြားကုမ္ပဏီပေါင်း ၅၅ ခုလာပါတယ်။ အဲဒီမှာမှ ၄၃ခုရွေးပြီးတော့ Potential Tender အဖြစ်နဲ့ ရွေးထားပါတယ်။ အဲဒီပုဂ္ဂိုလ်များ ဝင်ရောက်လာလို့ရှိရင်လည်းပဲ ကုန်းတွင်းအပိုင်းက နောက်ထပ်ရှာဖွေတွေ့ရှိမှုတွေ ရှိနိုင်ပါသေးတယ်။ ရှိမယ်လို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်လို့ တင်ပြလိုပါတယ်။ ဒါ့ကြောင့် ခုနဦးအေးမောက်မေးမြန်းသွားတဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ ထောက်ပံ့ပေးဖို့ စွမ်းအင်ကဏ္ဍမှာ ကျွန်တော့်ရဲ့ သဘာဝ ဓာတ်ငွေ့နဲ့ပတ်သက်လို့တော့ ရှေ့အလားအလာ ဒီလိုတွေရှိတယ်လို့ တင်ပြလိုပါတယ်။ ဒီမှာတော့ အလျဉ်းသင့်တုန်း သတိပေးတင်ပြချင်တာကတော့ နိုင်ငံတကာနဲ့လုပ်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ဒီနေ့ ကျွန်တော်တို့ချည်းပဲလုပ်တဲ့ MOGE ကထုတ်တဲ့ ကုန်းတွင်းက သဘာဝဓာတ်ငွေ့လို ယူနိုင်ရင်ယူလိုက်၊ မယူနိုင်တဲ့အချိန်မှာပိတ်လိုက် အဲဒီလိုလုပ်လို့ မရပါဘူး။ စာချုပ်စာတမ်းတိုင်းမှာ နိုင်ငံတကာနဲ့ချုပ်လို့ရှိရင် Take or Pay ဆိုတဲ့ CLoss ရှိပါတယ်။ ကိုယ်ယူရမယ့်အချိန်မှာ တစ်နေ့ကို သန်းတစ်ရာယူမယ်ဆိုရင် ယူနိုင်အောင် မိမိရဲ့စက်များ အသင့်ပြင်ထားဖို့လိုပါတယ်။ အဲဒီလိုပြင်မထားလို့ ကိုယ်ယူရမယ့်ပမာဏကို မယူနိုင်ရင်လျော်ရပါတယ်။ အဲဒါဟာ သုံးစွဲမယ့်ပုဂ္ဂိုလ်များဘက်ကလည်းပဲ ဒီဟာလေးတွေကို နားလည်ထားဖို့လိုပါတယ်။ နောက်တစ်ခုက ဈေးနှုန်းနဲ့ပတ်သက်လို့ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ရဲ့ သဘာဝဓာတ်ငွေ့တွေကို နိုင်ငံတကာကို ထုတ်ရောင်းနေတဲ့ဥစ္စာဟာ ယခင်တစ်ကြိမ်တုန်းကလည်း ရှင်းလင်းတင်ပြခဲ့ပြီးပါပြီ။ ဘယ်နိုင်ငံကိုမှ ကျွန်တော်တို့အောက်ဈေးနဲ့မရောင်းပါဘူး။ ဒီနေ့ နိုင်ငံတကာရဲ့ Gas ဈေးကွက်မှာ အကောင်းဆုံးဈေးကျွန်တော်တို့ရထားပါတယ်။ ယခုပေါက်ဈေး Thiland ကိုရောင်းနေတဲ့ သဘာဝဓာတ်ငွေ့ဟာ One Million BDU ၊ One Million BDU ဆိုတာ ကုဗပေ ၁၀၀၀ ထုထည်ရှိပါတယ်။ အဲဒီအတွက်ကို ၁၀.၃၃၅ လောက် ရှိပါတယ်။ ဒေါ်လာ ၁၀ ကျော်ပါတယ်။ ဒီဟာကို ပြည်တွင်းကိုယူပြီးတော့ ပြည်တွင်းစက်မှုလုပ်ငန်းတွေအတွက် သုံးမယ်ဆိုရင် အဲဒီပမာဏအပေါင်း Tariff ပိုက်လိုင်းခ ဒါကျွန်တော်တို့လုပ်ငန်းများက ပေးနိုင်မလား။ ဒီလို မပေးနိုင်ရင်လည်းပဲ အဲဒီအပေါ်မှာ ခုနဘယ်လောက်

နိုင်ငံတော်က လျှော့ပေါ့ပေးမလဲဆိုတဲ့ဥစ္စာ နောက်ပိုင်းဒါစဉ်းစားပြီး လုပ်သွားရမှာဖြစ်ပါတယ်။ တစ်ချက်သတိပြုစေလိုတာကတော့ ဒီနေ့နိုင်ငံတော်မှာ အများဆုံးဝင်ငွေရနေတာသည် ဒီကမ်းလွန်သဘာဝဓာတ်ငွေ့က ရပါတယ်။ အဲဒီအချိန်မှာ အဲဒီသဘာဝဓာတ်ငွေ့ကို လျှော့ပေါ့ပြီးတော့ ပေးရမယ်ဆိုရင်တော့ ယနေ့ရနေတဲ့ဝင်ငွေ ရမှာမဟုတ်ပါဘူး။ ဒီလိုလည်းပဲ သတိထားမိရန် တင်ပြလိုပါတယ်။ နောက်တစ်ပိုင်းကတော့ ဘဏ္ဍာအခွန်ဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ AFTA ကို ရင်ဆိုင်နိုင်ဖို့အတွက် ကျွန်တော်တို့ လျှော့ပေါ့ပေးနိုင်မှုကိစ္စတွေဖြစ်ပါတယ်။ အဲဒီတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ပြောင်းလဲကျင့်သုံးတဲ့ ဈေးကွက်စီးပွားရေးမူဝါဒတွေနဲ့အညီ ငွေရေးကြေးရေးစနစ်ကိုလည်း လိုက်လျောညီထွေဖြစ်စေဖို့အတွက် လျှော့ပေါ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ အများပြည်သူအကျိုးကို ရှေးရှုလျက် ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးဖော်ဆောင်လျက်ရှိရာမှာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်စေရန်အတွက် ဘဏ်အတိုးနှုန်းတွေ ပြင်ဆင်သတ်မှတ်ရန် လိုအပ်တဲ့အတွက် နိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့ကစပြီး ဘဏ်အတိုးနှုန်းတွေ လျှော့ပေါ့သတ်မှတ်ပေးခဲ့ပါတယ်။ ချေးငွေအပေါ်ကောက်ခံတဲ့ အတိုးနှုန်းဟာ ယခင်က ၁၇ ရာခိုင်နှုန်းကနေ ယခုအခါ ၁၅ ရာခိုင်နှုန်းအထိ လျှော့ပေါ့ပေးခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ စက်မှုဇုန်ဝင်ချေးငွေနဲ့ စီမံကိန်းဝင်စိုက်ပျိုးရေးချေးငွေတွေအတွက် အတိုးနှုန်းတွေကိုလည်း ယခင် ၁၅ ရာခိုင်နှုန်းကနေ ယခု ၁၄ ရာခိုင်နှုန်းကို လျှော့ပေါ့ပေးခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခါ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရောင်းချတဲ့နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ မြေ၊ အဆောက်အဦများဝယ်ယူတဲ့ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို ဝယ်ယူတဲ့ ပစ္စည်းတန်ဖိုးပေါ်မူတည်ပြီးတော့ ၇၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းကို ၁၄ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးဖို့ ညွှန်ကြားထားကြောင်းလည်းပဲသိရှိရပါတယ်။ နောက်တစ်ခါ နိုင်ငံတကာရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ငွေရေးကြေးရေး ထောက်ပံ့နိုင်မှုအတွက်၊ ငွေကြေးချေးငှားပေးနိုင်မှုများအတွက် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို အဆင့်လိုက် ကျွန်တော်တို့ဖြေလျှော့ပေးခဲ့ပြီးဖြစ်တယ်လို့သိရပါတယ်။ ပုဂ္ဂလိကပိုင်ဘဏ်များကနေပြီးတော့ အခုတင်ပြတဲ့ ဘိလပ်မြေစက်ရုံများအတွက်လိုအပ်တဲ့ချေးငွေကိုထုတ်ချေးပေးလျက်ရှိရာမှာ ၂၈-၉-၂၀၁၁ ရက်နေ့အထိ ပုဂ္ဂလိကဘဏ်တွေ ကနေပြီးတော့ ပုဂ္ဂလိကဘိလပ်မြေစက်ရုံများကို ချေးငွေကျပ် သန်းပေါင်း ၂၀၂၀၀ ထုတ်ချေးပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ နောက်တစ်ခါ သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်းပဲ အကောက်အခွန်

ကင်းလွတ်ခွင့်ပြုဖို့ ထည့်သွင်းစဥ်းစားပေးထားကြောင်းသိရပါတယ်။ နည်းပညာ အသုံးပြုဆောင်ရွက်လျက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာလိုအပ်တဲ့ စက်ပစ္စည်းကိရိယာတန်ဆာပလာများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ နိုင်ငံခြားက မှာယူတင်သွင်းမယ်ဆိုရင် အဲဒီအတွက်ချုပ်ဆိုထားတဲ့ MOU တွေ၊ သဘောတူစာချုပ် Agreements တွေ၊ စာချုပ်စာတမ်း Contracts တွေအရ လျှောက်ထားလာလို့ရှိရင်တော့ ပင်လယ်ရေကြောင်းအကောက်အခွန် အက်ဥပဒေပုဒ်မ ၂၃ အရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သိရှိရပါတယ်။

နောက်တစ်ခါ ၂၀၁၅ မှာပေါ်ပေါက်လာမယ့် ခုနက AFTA ကို ရင်ဆိုင်နိုင်ဖို့အတွက် ကာကွယ်ဖြေလျှော့ပေးနိုင်မှုအခြေအနေပေါ်မှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၁၉၄၇ ခုနှစ်၊ သွင်းကုန်၊ ထုတ်ကုန်ကြီးကြပ်ရေးယာယီအက်ဥပဒေပုဒ်မ ၃ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး ပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုချက်နဲ့ဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနဲ့ ကုန်ကြမ်းပစ္စည်းတင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်အမိန့်ကို ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ခွင့်ပြုမိန့်နဲ့ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီများ ဖက်စပ်ကော်ပိုရေးရှင်းများက ၎င်းတို့ရဲ့လုပ်ငန်းမှာ အသုံးပြုဖို့အတွက် ပြည်ပကတင်သွင်းတဲ့ အောက်ဖော်ပြပါ ပစ္စည်းများအပေါ် သွင်းကုန်လိုင်စင်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထား ကြောင်းလည်း သိရှိရပါတယ်။ ၎င်းတို့ကတော့ (က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားမတည်ငွေအရင်းအရ လုပ်ငန်းတည်ဆောက်မှုကာလတွင် အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ (ခ)လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပြည်ပသို့ကုန်ချောထုတ်လုပ်ရောင်းချရန်အလို့ငှာ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန်တင်သွင်းသည့် ကုန်ကြမ်းများနှင့် ထုတ်ပိုးပစ္စည်းများ ယင်းတို့အပေါ် လျှော့ပေ့ါထားကြောင်း သိရှိရပါတယ်။ နောက်တစ်ခါမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံတဲ့ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအား ၎င်းတို့ရဲ့လုပ်ငန်းတွင် အသုံးပြုရန်အတွက် ပြည်ပမှတင်သွင်းလာသည့် အောက်ဖော်ပြပါ ပစ္စည်းများအပေါ် သွင်းကုန်လိုင်စင်ကြေးပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုထားကြောင်းလည်း သိရှိရပါတယ်။ ၎င်းတို့ကတော့ (က)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်က လုပ်ငန်းထူထောင်ဆောင်ရွက်ရန်အတွက် ပြည်ပမှတင်သွင်းခွင့်ပြုသည့်တန်ဖိုးအရ လုပ်ငန်းတည်ဆောက်မှု ကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသောစက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ (ခ)လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ကုန်ချောထုတ်လုပ်ရန်အလို့ငှာ ပထမသုံးနှစ်အတွင်း ကုန်ချောထုတ်လုပ်ရန်တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများဖြစ်ပါကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မေးမြန်းတဲ့ မေးခွန်းများအပေါ် စွမ်းအင်ဝန်ကြီးဌာနအပါအဝင် ကျန်ဝန်ကြီးဌာနနှစ်ခုနဲ့ ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြားအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ မေးသွားတာကတော့ စောစောက စက်သုံးဆီအရောင်းဆိုင်တွေ ကနေပြီးတော့ ရောင်းချမှုစနစ်တွေ၊ အဲဒီအပေါ်မှာတန်းစီဝယ်နေရတဲ့အခြေအနေ ဒီဟာလေးတွေ မေးမြန်းသွားပါတယ်။ ဒီဟာကလည်းပဲ အဓိကအားဖြင့်တော့ ဒါသဘောပေါက်တဲ့အတိုင်းပဲ ရှင်းရှင်း တင်ပြရရင်တော့ ဒီနေ့ဖြစ်နေတဲ့ ဈေးနှုန်းကွာခြားချက်ကြောင့် ဖြစ်ပါတယ်။ အဲဒီတော့ ဒီအပိုင်းမှာလည်းပဲ ခေတ်အခြေအနေကတောင်းဆိုလာတဲ့အတိုင်းပဲ အချိန်အခါနဲ့အညီ ခုနကရောင်းချမှုစနစ်တွေ ပြောင်းလဲသွားဖို့ရှိလိမ့်မယ်လို့ ဒီဟာလေးကိုတော့ တိုတိုပဲဖြေကြားလိုပါတယ်။ ဆိုင်တွေတိုးချဲ့ဖွင့်လှစ်ခြင်းနဲ့ ပတ်သက်လို့တော့ ဒီမှာ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကစက်သုံးဆီ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုဖို့အတွက် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်အနေနဲ့ မြန်မာပြည်တစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံပိုင်စက်သုံးဆီ အရောင်းဆိုင် ၂၆၁ ဆိုင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များကို အပြီးအပိုင်လွှဲပြောင်း ရောင်းချပေးခဲ့ပြီးတော့ အဲဒီပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင် ၂၆၁ ဆိုင်စလုံးကို ၁၀-၆-၂၀၁၀ ရက်နေ့က စပြီးတော့ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီအပြင် အဲဒီစက်သုံးဆီ ၂၆၁ ဆိုင်ကတော့ ကျွန်တော်တို့ ယခင်တုန်းက စွမ်းအင်ဝန်ကြီးဌာနက ပိုင်တဲ့ဆိုင်တွေဖြစ်ပါတယ်။ ဒါ့ကြောင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က သူကိုင်တွယ်ပြီးတော့ ခုနက ပုဂ္ဂလိကများကို လွှဲပြောင်းပေးခဲ့ပါတယ်။ နောက်ထပ်၍ အဲဒီဆိုင်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များက သီးခြားဆိုင်သစ်တွေ ထူထောင်ဖွင့်လှစ်လိုပါတယ်ဆိုရင် လုပ်နိုင်၊ ကိုင်နိုင်အောင်အတွက် ကျွန်တော်တို့ သတင်းစာကနေ ကြော်ငြာထည့်ခဲ့ပါတယ်။ အဲဒီတော့ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များအပြင် စက်သုံးဆီ

အရောင်းဆိုင်တွေ၊ သိုလှောင်ဖြန့်ဖြူးရေးစခန်းတွေ အသစ်တည်ဆောက်လုပ်ချင်တဲ့ပုဂ္ဂိုလ်များ လက်ရှိစက်သုံးဆီ ရောင်းချခြင်းကို ဒေသန္တရခွင့်ပြုချက်နဲ့ပဲ လုပ်ကိုင်နေရတဲ့အတွက် ဒီဟာကို နိုင်ငံတော်က အသိအမှတ်ပြုပြီးတော့ တရားဝင်လုပ်ကိုင်ခွင့် ရလိုသူများအနေနဲ့ သူတို့လုပ်ကိုင်လိုတဲ့ နေရာဒေသရဲ့လိပ်စာ အတိအကျ၊ အကျယ်အဝန်းဖော်ပြပြီးတော့ နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးကို အဆိုပြုလွှာများတင်သွင်းနိုင်ကြောင်း လျှောက်ထားသူများအနေနဲ့ လျှောက်ထားတဲ့ မြေနေရာဟာ စက်သုံးဆီ လုပ်ငန်းလုပ်မယ်ဆိုရင် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရဲ့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်များ ပါရှိဖို့လိုပါတယ်။ တစ်ခါစက်သုံးဆီအရောင်းဆိုင်များ သိုလှောင်ကန်၊ သိုလှောင်ကန်စခန်းများ အသစ်တည်ဆောက်ပြီးတော့ လုပ်ငန်းလုပ်ကိုင်ချင်တဲ့ပုဂ္ဂိုလ်တွေဟာ တင်သွင်းဝယ်ယူသိုလှောင် ရောင်းချခြင်း ဆောင်ရွက်မယ့်အစီအစဉ် ကိုတော့ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ထံမှာ စုံစမ်းမေးမြန်းနိုင်ပါကြောင်း လျှောက်ထားသူအနေနဲ့ နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးသို့ လျှောက်လွှာများလိပ်မူပေးပို့ရန် ဖြစ်ပါကြောင်း ၂၀၁၀ ခုနှစ်၊ မတ်လဆန်းပိုင်းမှာ နေ့စဉ်ထုတ် ပြည်တွင်းသတင်းစာတွေကနေပြီးတော့ အဆိုပြုလွှာတွေ ကြေညာခေါ်ယူခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်နယ်/တိုင်းဒေသအသီးသီးမှာ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်များ ဖွင့်လှစ်ဖို့ အတွက် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို မြေပိုင်ဆိုင်မှုအထောက်အထား သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်စက်သုံးဆီရရှိနိုင်မယ့် ကုမ္ပဏီ အဖွဲ့အစည်းရဲ့ထောက်ခံချက်၊ စာချုပ်စာတမ်းစတဲ့ အဲဒီအထောက်အထားအချက်သုံးချက်ပြည့်စုံစွာနဲ့ အဆိုပြု တင်ပြလာတဲ့အရောင်းဆိုင်များ၊ အခု ၄၄၄ ဆိုင်ရှိပြီဖြစ်ပါတယ်။ အဲဒီ ၄၄၄ ဆိုင်အနက်ကို ကော်မရှင်က နေပြန်ပြီးတော့ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနက ပညာရှင်တွေ၊ သတ္တုတွင်းဦးစီးဌာနက လိုအပ်တဲ့ ပညာရှင်တွေ၊ အဲဒီပုဂ္ဂိုလ်တွေနဲ့သွားပြီးတော့ စစ်ခိုင်းပါတယ်။ စစ်ခိုင်းပြီးတော့ ကျွန်တော်တို့ရဲ့ Technically တွေ့ရှိတဲ့ အချက်တွေနဲ့ပြန်ပြီးတော့ ဒီဆိုင်တွေကတော့ ကျွန်တော်တို့ရဲ့လိုအပ်ချက်တွေနဲ့ ကိုက်ညီတယ်။ ဒီဆိုင်တွေကတော့ မကိုက်ညီဘူးစသဖြင့် ထောက်ခံတင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ ကော်မရှင်က နေပြီးတော့ သူတို့ကိုအရောင်းလိုင်စင် ထုတ်ပေးခွင့်ပြုပါတယ်။ အဲဒီလို ထုတ်ပေးခွင့်ပြုသောအခါမှာ စွမ်းအင်ဝန်ကြီးဌာနက လိုင်စင်ထုတ်ပေးပါတယ်။ ဒါဟာလွန်ခဲ့သော အခု ၁၀ လပိုင်း ၇ ရက်နေ့အထိ လုပ်ခဲ့တဲ့လုပ်ထုံးလုပ်နည်းဖြစ်ပါတယ်။ ၁၀ လပိုင်း ၇ ရက်နေ့အထိ ဆိုင်သစ်များ ခုနက သိုလှောင်ကန်

စခန်းများ ဒါတွေလုပ်ဖို့၊ ကိုင်ဖို့အတွက်ကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ကို လိပ်မူပြီးတော့ လျှောက်ရပါတယ်။ ကျွန်တော်တို့က Technically Assistant အတွက် လုပ်ပေးရပါတယ်။ သို့သော် နောက်ပိုင်းမှာတော့ကာ အဲဒီ ၇ လပိုင်း ၁၀ ရက်နေ့ကစပြီးတော့ ဒီလုပ်ငန်းသည် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရဲ့ လုပ်ငန်းသဘာဝနဲ့ မကိုက်ညီဘူး။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဆိုတာ နိုင်ငံပိုင်ပစ္စည်းများကို ပုဂ္ဂလိကလက်ထဲကို လွှဲပြောင်းပေးဖို့သာ လုပ်ဖို့ဖြစ်တယ်။ ဒီဟာကတော့ စွမ်းအင်ဝန်ကြီးဌာနနဲ့ပဲ တိုက်ရိုက်ပတ်သက်တဲ့အတွက် နောင်မှာစက်သုံးဆီလုပ်ငန်းပေါ့။ အခု ဒါသိုလှောင်ခန်းဖွင့်တာကော၊ အရောင်းဆိုင်ဖွင့်တာကော အဲဒါတွေလုပ်ဖို့စပြီးတော့ လျှောက်လွှာ လက်ခံတဲ့ အချိန်ကစပြီး ခွင့်ပြုမိန့်လိုင်စင်ထုတ်ပေးတဲ့အထိ စွမ်းအင်ဝန်ကြီးဌာနကပဲ လုပ်ပေးပါဆိုပြီးတော့ လုပ်ပိုင်ခွင့် ကျွန်တော်တို့ကိုပြန်ပြီးတော့ လွှဲပြောင်းပေးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သတင်းစာမှာ လုပ်ထုံးလုပ်နည်းလေးတွေ ကျွန်တော်တို့ကြော်ငြာပြန်ပြီးတော့ ထည့်ပေးပါမယ်။ နောင်မှာ လုပ်ကိုင်လိုသောပုဂ္ဂိုလ်များ ကျွန်တော်တို့နဲ့ပဲ တိုက်ရိုက်ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ပဲ အစအဆုံး လိုင်စင်ထုတ်ပေးတဲ့အထိ ဆောင်ရွက်ပေးသွားပါမယ်။ ယခု ဦးစိုးဝင်းတင်ပြသလိုပဲ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းအဆင့်တွေလည်း မကြာအောင်လုပ်သွားပါ့မယ်။ မြန်မြန်ခွင့်ပြုချက်ရအောင် လုပ်ပေး ပါမယ်။ အဲ့ဒီတော့ယခင်စနစ်ဟောင်းအရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က သူ့ရဲ့လုပ်ပိုင်ခွင့်အောက်မှာ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ပေးခဲ့တဲ့ဆိုင်တွေဟာ ကျွန်တော်တို့ ၂၆၁ ဆိုင် အပါအဝင်စောစောက ဆိုင်အသစ် တွေ ခွင့်ပြုမိန့်ပေးခဲ့တာ အခုအားလုံး ၃၉၁ ဆိုင် ရှိပါပြီ။ အဲဒီအပြင် ကျွန်တော်တို့က ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေကို ကဲ၊ဒီဟာတွေအပြင် သက်ဆိုင်ရာကိုယ့်တိုင်းနဲ့ ပြည်နယ်အလိုက်မှာ ဘယ်နေရာ တွေမှာ များထပ်ပြီးတော့ ဆိုင်သစ်တွေဖွင့်ဖို့လိုအုံးမလဲ သဘောထားမှတ်ချက်ကလေးတွေ ပေးပါလို့ ပြောတဲ့အခါမှာ အဲဒီကနေပြီးတော့ အဆိုပြုတင်ပြတာလဲ အခုထိ ဆိုင်ပေါင်း ၄၄၈ ဆိုင်ရှိပါတယ်။ ဆိုတော့ နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ စွမ်းအင်ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာပဲ ကျရောက်လာမှာ ဖြစ်တဲ့အတွက် အဲဒီဖွင့်လှစ်လိုသောနေရာအသစ်များ နောက်ထပ်ထပ်၍ လုပ်ချင်လို့ လျှောက်လွှာ တင်လာမယ့် ပုဂ္ဂိုလ်များအတွက်ကို အားလုံး ကျွန်တော်တို့ကပဲ တာဝန်ယူပြီးတော့ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားပါ့မယ်လို့ လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းမှာ ဦးခင်မောင်ရည်၊ နောက် ဦးအေးမောက်၊ ဦးစိုးဝင်းတို့က အများစိတ်ဝင်စားပြီး နိုင်ငံအတွက်

အကျိုးရှိမယ့်မေးခွန်းများကို မေးမြန်းခဲ့သလို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးများကလည်း ဖြေကြားသွားခဲ့ပါတယ်။ ဒီနေ့အတွက်တော့ မေးခွန်းများ၊ အဖြေများကော မူလ စီစဉ်ထားတဲ့အစီအစဉ်ကော ဒီမှာပဲ ပြီးဆုံးပါတယ်။ ဒါကြောင့် ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။